# ကြေးမုံ

The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့ (4-7-2014) (၇၇၉၁)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၄**

၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သော အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက်အိုဘားမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### မိုးရွာသွန်းမှု

၃-၇-၂၀၁၄

| | |
|---|---|
| ဘီးလင်း | ၄ ဒသမ ၄၅ လက်မ |
| လောင်းလုံ | ၃ ဒသမ ၉၈ လက်မ |
| စစ်တွေ | ၃ ဒသမ ၁၉ လက်မ |
| မချမ်းဘော | ၃ ဒသမ ၁၅ လက်မ |
| သိမ်ဇရပ် | ၃ ဒသမ ၀၃ လက်မ |
| ပဲခူး | ၂ ဒသမ ၄၈ လက်မ |
| မောင်တော | ၁ ဒသမ ၉၇ လက်မ |

# လူငယ်များ အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရန် ပညာရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနေသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ဂျူလီဘစ်ရှော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုဘဝမြင့်တင်ရေး စီမံကိန်းများအတွက် ကူညီထောက်ပံ့ပေးနေမှုများ၊ နယ်စပ်ဒေသများအား ပိုမိုကူညီဆောင်ရွက်သွားရန် အစီအစဉ်ရှိမှု၊ ဩစတြေးလျလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး၊ လူငယ်များအတွက် အဆင့်မြင့်ပညာရပ်များသင်ကြားနိုင်ရန် ပညာရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စ ဘရော့နက်မိုး(စ်)လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



## လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

**နေပြည်တော် ဇူလိုင် ၃**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

# ပြည်ထောင်စုရန်ပုံငွေဖြင့် ဧရာဝတီမြစ် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်း ခုနစ်ခု ဆောင်ရွက်ပြီးစီး



မင်းထက်အောင်(မန်းကိုယ်ပွား)

**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ဆောင်ခဲ့သည့် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ခုနစ်ခုကို ဖေဖော်ဝါရီလမှ စတင်လုပ်ဆောင်ခဲ့ရာ ဧပြီလတွင် ပြီးစီးခဲ့ကြောင်း သိရသည်။**(ဓါတ်ပုံ)**

"ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးကို ပြည်ထောင်စုရန်ပုံငွေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ဖေဖော်ဝါရီလက စပြီးလုပ်ဆောင်ခဲ့ရာမှာ နည်းလမ်းနှစ်မျိုးရှိပါတယ်။ Rivertraining Structure တည်ဆောက်ခြင်း၊ Dredging သောင်တူးခြင်းနဲ့ ရေလမ်းဖွံ့ဖြိုးရေးလုပ်ခဲ့ရာမှာ ဧပြီလမှာ ပြီးစီးခဲ့တယ်"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။ ပြည်ထောင်စုရန်ပုံငွေဖြင့် ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ဆောင်ပေးခဲ့သည့် ဒေသများမှာ မန္တလေး(ဂေါဝိန်ဆိပ်ကမ်း)၊ ကသာမြို့နယ်တွင် နှုန်းထောင့်ရေလမ်း၊ မတ္တရာမြို့နယ်တွင် နန်းတော်ကျွန်းရေလမ်း၊ တံတားဦးမြို့နယ်တွင် လက်ဆောင်ယူရေလမ်း၊ ငါန်းဇွန်မြို့နယ်တွင် ညောင်ရင်း-ပုလဲတန်ရေလမ်း၊ မြင်းခြံမြို့နယ်တွင် ပတ္တာကျွန်းရေလမ်း၊ ညောင်ဦးမြို့နယ်တွင် သစ်ထောက်ကျွန်းရေလမ်း စသည့် ဒေသများတွင် ရေလမ်းထိန်းအဆောက်အအုံ တည်ဆောက်ခြင်းနှင့် သောင်တူးခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်ထောင်စုအစိုးရရန်ပုံငွေကျပ်သန်းပေါင်း ၄၅၈ သန်းသုံးစွဲခဲ့ပြီး မြစ်ရေနည်းချိန်လာမည့်နှစ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




ကြေးမုံ စာတည်းရှထောင့် ၄-၇-၂၀၁၄ [သောကြာနေ့]

# တစ်လအတွင်းတိုးတက်ခြင်း

၂၀၁၄ ခုနှစ် ဇွန်လသည် နိုင်ငံနှင့်ပြည်သူအတွက် ထူးကဲသည့်လဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဇွန်လတစ်လအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်၊ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်၊ ကျန်းမာရေးကဏ္ဍမြှင့်တင်မှုဖြစ်စဉ်နှင့် နိုင်ငံတကာဆက်ဆံရေးဖြစ်စဉ်တို့ကို နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ ယင်းသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပုံတို့ကို နိုင်ငံတော်သမ္မတကြီးက မိဘပြည်သူများထံ အသိပေးခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်များမှာ နိုင်ငံတော်နှင့်ပြည်သူများအကျိုးကို ဖော်ဆောင်ပေးသော ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးမှုလုပ်ငန်းစဉ်များဖြစ်၍ များစွာနှစ်ထောင်းအားရ ဝမ်းသာပီတိဖြစ်မိပါသည်။ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေသော အချိန်ကာလအတွင်း ပထမအဆင့်ပြုပြင်ပြောင်းလဲမှု၊ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ပြီးနောက် တတိယအဆင့်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေသော အခါကာလအတွင်း ယခုပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များသည် နိုင်ငံနှင့်ပြည်သူအတွက် နိုင်ငံတော်က အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းကို ထင်ဟပ်ပြသလိုက်ခြင်းဖြစ်သည်။

ဇွန်လ ၄ ရက်နေ့က နိုင်ငံတော်သမ္မတကြီးသည် ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့ကို နေပြည်တော်တွင် တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းကြောင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အောင်မြင်မှုရရှိစေမည့် အကြိုလုပ်ငန်းစဉ်များ ဖြစ်ထွန်းလာမည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်သည် အနာဂတ် သား၊ မြေး၊ မြစ် မျိုးဆက်သစ်များအတွက် တည်ငြိမ်သည့် အနာဂတ်အမွေခံကောင်းများ ကျန်ရစ်စေရန် နိုင်ငံတော်က စေတနာရှေ့ထား ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ဇွန်လ ၁၀ ရက်နေ့ကလည်း နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား ခေါ်ယူတွေ့ဆုံခဲ့ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ ဒီမိုကရေစီတည်ဆောက်မှု အခြေခိုင်မာရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်မည့် ကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့သည်။ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ စွမ်းဆောင်ရည်မြှင့်မားရေးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်ထိတွေ့ပြီး ပြည်သူလူထုပူးပေါင်းပါဝင်သည့် စီမံခန့်ခွဲမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်ရေးတို့အတွက် အထောက်အကူဖြစ်လာမည်ဖြစ်သည်။

တစ်ဖန် ဇွန်လ ၁၉ ရက်နေ့ကလည်း ကျန်းမာရေးကဏ္ဍဆိုင်ရာ မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ခဲ့သည်။ အဓိကအချက်မှာ ပြည်သူလူထုတစ်ရပ်လုံးကို လွှမ်းခြုံမှုရှိသည့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေဖို့ဖြစ်သည်။ နိုင်ငံတော်ကလည်း အစပျိုးဆောင်ရွက်ပေးလျက်ရှိသည်။ ထိုလုပ်ငန်းစဉ်သည် ကြီးမားကျယ်ပြန့်သည့်လုပ်ငန်းစဉ်ဖြစ်၍ ချက်ချင်းအကောင်အထည်ဖော်ရန် အခက်အခဲရှိသော်လည်း ကြားကာလများအတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဇွန်လနောက်ဆုံးရက်သတ္တပတ်အတွင်းက နိုင်ငံတော်သမ္မတကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်သာမက ကမ္ဘာ့မိသားစုဝင်နိုင်ငံများအားလုံးနှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းလုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဇွန်လအတွင်း တိုးတက်ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်မှုများ ဖြစ်သည်။ ထိုကာလအတွင်း အခြားပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်နိုင်ခဲ့သေးသည်။ ထို့ကြောင့် ဇွန်လသည် မြန်မာနိုင်ငံအဖို့ ထူးခြားသောလဟု ဆိုနိုင်ပေသည်။

နိုင်ငံတော်က ယင်းကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်၊ လူမှုစီးပွားပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် အချိန်တိုအတွင်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းသည် မျိုးဆက်သစ်မြန်မာနိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကိုဖန်တီးပေးနိုင်အောင် တစိုက်မတ်မတ်ဆောင်ရွက်ပေးနေခြင်းဖြစ်ရာ ပြည်သူအားလုံးကလည်း နိုင်ငံတော်နှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၆ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနဝင်းအတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယကတို့က ပျိုးပင်များကို အရာထမ်း၊ အမှုထမ်းများထံ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိန်တလုံးသရက်ပျိုးပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို စိုက်ပျိုးပေးကြကာ အရာထမ်း၊ အမှုထမ်းများ ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

သစ်ပင်စိုက်ပွဲတွင် စိန်တလုံးသရက်ပင် ၃၅၀ နှင့် ကံ့ကော်၊ စိန်ပန်း၊ ရေတမာ၊ ခရေနှင့် သပြေညို စသည့် အရိပ်ရလေကာပင် ၂၁၀ စုစုပေါင်းပျိုးပင် ၅၆၀ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၈၄၀၀ | - | ၆၇၉၁၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၈၄၀၀ | - | ၆၇၉၁၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၄၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၇၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၂၈. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၅၆. ၆၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၀၄၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၄၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၃၀၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၅၅. ၄၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၆. ၃၅၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၈. ၁၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၈၀. ၀၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# သစ်အခြေခံစက်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် အမေရိကန်ပြည်ထောင်စုအခြေစိုက် Blue Moon Fund မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ချီကျန်းဂျင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံကြပြီး မြန်မာနိုင်ငံမှ ကျွန်းသစ်နှင့် တမလန်း၊ ပိတောက်များ တရုတ်နိုင်ငံသို့ တရားမဝင်တင်သွင်းနေမှုကို တားဆီးရေးအတွက် Blue Moon Fund မှ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံ၌ တရားဝင်သစ်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ သစ်နှင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းကို ထိန်းချုပ်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ယခုနှစ် နိုဝင်ဘာလအတွင်း ပီရူးနိုင်ငံ လီးမားမြို့၌ ကျင်းပမည့် (၁၉)ကြိမ်မြောက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး၌ Climate Change Financing လုပ်ငန်းစဉ်တစ်ရပ် ထူထောင်ရေးအတွက် မြန်မာနိုင်ငံမှ အဆိုပြုလွှာတင်သွင်းရေး၊ မြန်မာနိုင်ငံသည် သစ်တောသယံဇာတများဂေဟစနစ် ဝန်ဆောင်မှုများရရှိနိုင်ရန် နိုင်ငံတကာအစည်းအဝေးများ၌ ဆော်ဩတိုက်တွန်းမှုများ ပြုလုပ်ရေး၊ မြန်မာ့ဝါးသယံဇာတများကို အကျိုးရှိစွာ စီးပွားဖြစ်ထုတ်လုပ်သုံးစွဲရေးနှင့် ပြုစုထိန်းသိမ်းရေး၊ ဘေးထွက်ပစ္စည်းသစ်အလေအလွင့်နှင့် လွှစာမှုန့်များ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများနှင့် မြို့ပြစွန့်ပစ်ပစ္စည်းများကို ဇီဝလောင်စာထုတ်လုပ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုရေး တို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**













# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မီဒီယာသမားများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်း၊ ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦးတို့နှင့်အတူ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်း သတင်းစာ၊ ဂျာနယ်များမှ မီဒီယာသမားများအား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးအောင်သောင်းနှင့် ဦးဌေးဦးတို့က ပြည်တွင်း အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်း သတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာများနှင့် သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ယနေ့တွေ့ဆုံပွဲသို့ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် ၁၉ ခုမှ အယ်ဒီတာနှင့် သတင်းထောက် စုစုပေါင်း ၄၂ ဦး တက်ရောက်ကြပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် PR စနစ်ကျင့်သုံးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ၏ ရပ်တည်ချက်နှင့် သဘောထားများ၊ လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းရေးရာနှင့် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဒေါ်နွဲ့နွဲ့ဦးအား ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမောင်မောင်တင့် | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| (ခ) | ဦးမောင်မောင် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဂ) | ဦးရဲမြင့် | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် ငွေကြေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဃ) | ဒေါက်တာဒေါ်စန္ဒာဦး | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၄**

၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သော အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# နိုင်ငံခြားဘဏ်ဖွင့်လှစ်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃**

ပြည်သူ့လွှတ်တော် ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့် SUMITOMO MITSUI BANKING CORPORATION (SMBC) မှ Mr. Hiroshi Minoura, Vice Chairman ခေါင်းဆောင်သောအဖွဲ့တို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် လွှတ်တော်ဝင်းအတွင်းရှိ (I-1) အဆောင်၌ တွေ့ဆုံကြပြီး နိုင်ငံခြားဘဏ်ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃**



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျနေသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စဂျူလီ ဘစ်ရှော့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ဦးဝင်းဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**





# အကြမ်းဖက် အုပ်စုများအား ရန်ပုံငွေထောက်ပံ့မှု တိုက်ဖျက်သည့် ဥပဒေ သမ္မတကာဇိုင်း လက်မှတ်ထိုး

ကဘူးလ် ဇူလိုင် ၃

အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်အုပ်စုများထံ ရန်ပုံငွေထောက်ပံ့ပေးမှုအား ထိန်းချုပ်ရန် ရည်ရွယ်သည့် ဥပဒေတစ်ရပ်ကို သမ္မတဟာမစ်ကာဇိုင်းက ဇူလိုင် ၃ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ကြောင်း အစိုးရအဖွဲ့က ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အာဖဂန်ဘဏ်များအား နိုင်ငံတကာတွင် နာမည်ပျက်စာရင်း အသွင်းခံရခြင်းမှ ရှောင်လွှဲနိုင်ရန် ယင်းဥပဒေကို ပြဋ္ဌာန်းပေးခြင်းဖြစ်သည်။

## ဖော်ပြ

ယခုဥပဒေသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် လူ့အခွင့်အရေးတို့နှင့် ပတ်သက်၍ ချိုးဖောက်မှုမရှိဟု တရားဥပဒေအရ အတည်ပြုခဲ့ပြီးနောက် မိမိက အတည်ပြုလက်မှတ်ရေးထိုးကြောင်း သမ္မတ ဟာမစ်ကာဇိုင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကို လွန်ခဲ့သည့်ရက်သတ္တပတ်က ထုတ်ပြန်ခဲ့ပြီးနောက် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ထပ်မံထုတ်ပြန်ခြင်းဖြစ်သည်။

## ပြသနိုင်မည်

အဆိုပါဥပဒေနှစ်ရပ်ကို ထုတ်ပြန်ခြင်းဖြင့် အာဖဂန်အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပြစ်မှုများအား အလေးအနက်ထား တိုက်ဖျက်နေပုံကို ကမ္ဘာသို့ ပြသနိုင်မည်ဖြစ်သည်။

အာဖဂန်နစ္စတန် အစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာ ပြစ်မှုများအား အလေးပေး တိုက်ဖျက်ခြင်း မပြုပါက ယင်းနိုင်ငံ၏ ဘဏ်များကို နာမည်ပျက်စာရင်းသွင်းမည်ဟု ဘဏ္ဍာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု အထူးလုပ်ငန်းအဖွဲ့အမည်ရှိ နိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့တစ်ရပ်က ဖေဖော်ဝါရီလတွင် သတိပေးခဲ့သည်။

ရိုက်တာ။

# တရုတ်သမ္မတ ရှီကျင့်ဖျင် တောင်ကိုရီးယားသို့ ရောက်ရှိ မြောက်ကိုရီးယားအရေး အလေးပေး ဆွေးနွေးမည်ဟုဆို

ဆိုးလ် ဇူလိုင် ၃

တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် နှစ်ရက်တာ ခရီးစဉ်အဖြစ် တောင်ကိုရီးယားနိုင်ငံသို့ ဇူလိုင် ၃ ရက်တွင် ရောက်ရှိလာသည်။ ၎င်း၏ ခရီးစဉ်အတွင်း မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တောင်ကိုရီးယား တာဝန်ရှိသူများနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။



တရုတ်သမ္မတ ရှီကျင့်ဖျင်အား မြို့တော်ဆိုးလ်၌ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနား ကျင်းပစဉ်။

သမ္မတ ရှီကျင့်ဖျင်သည် တောင်ကိုရီးယားနိုင်ငံသို့ လာရောက်သည့် ပထမဆုံးသော တရုတ်ခေါင်းဆောင် တစ်ဦးဖြစ်သည်။ တရုတ်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ ဆက်ဆံရေး အေးစက်လာချိန်တွင် ယင်းခရီးစဉ် ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ မဟာမိတ်နှင့် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံအပေါ် ၎င်း၏ ဩဇာသက်ရောက်အောင် လုပ်ဆောင်နိုင်သည့် နိုင်ငံလည်းဖြစ်သည်။

မကြာသေးမီလများအတွင်းက မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားစမ်းသပ်မှုများကို တိုးချဲ့လုပ်ဆောင်လာခြင်းကြောင့် တရုတ်နိုင်ငံက ၎င်း၏ အိမ်နီးချင်း မြောက်ကိုရီးယားနိုင်ငံအား စိတ်ပျက်လာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ယမန်နှစ်က တတိယအကြိမ် နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုကို ပြုလုပ်ခဲ့ပြီး စတုတ္ထအကြိမ်အဖြစ် နျူကလီးယား စမ်းသပ်ဖောက်ခွဲမှု ပြုဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်နေသည်။

တရုတ်သမ္မတနှင့် တောင်ကိုရီးယားသမ္မတ ပတ်ကွမ်ဟိုင်းတို့သည် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးမည်ဟု မျှော်လင့်ရပြီး နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ရရှိရန် ရည်မှန်းထားသည်။

ဘီဘီစီ။

# အီရတ်နယ်စပ်၌ ဆော်ဒီစစ်သည် ၃၀၀၀၀ ဖြန့်ကြက်

ဒူဘိုင်း ဇူလိုင် ၃

ဆော်ဒီအာရေဗျနိုင်ငံသည် အီရတ်နှင့် နယ်စပ်နယ်နိမိတ်ချင်း ထိစပ်နေသောနယ်စပ်ဒေသ၌ စစ်သည် ၃၀၀၀၀ ကို ဖြန့်ကြက်လိုက်ပြီဖြစ်ကြောင်း အယ်လ်အာရေဗီးယား ဂြိုဟ်တုရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ကမ္ဘာပေါ်တွင် ရေနံတင်ပို့သည့် နိုင်ငံများအနက် ထိပ်တန်းနိုင်ငံဖြစ်သော ဆော်ဒီအာရေဗျနိုင်ငံသည် အီရတ်နှင့် ကီလိုမီတာ ၈၀၀(မိုင် ၅၀၀) မျှ နယ်စပ်ချင်း ထိစပ်လျက်ရှိသည်။ အီရတ်နိုင်ငံ၌ ဆွန်နီစစ်သွေးကြွ အုပ်စုများက လွန်ခဲ့သည့်လမှစ၍ မြို့ကြီး၊ မြို့ငယ်များကို သိမ်းပိုက်ခဲ့ရာ ဒေသဆိုင်ရာ လုံခြုံရေး အခြေအနေ ဆိုးရွားလာသည်။

အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုများမှ မိမိတို့နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် လုံခြုံရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန် ဘုရင် အဗ္ဗဒူလာက ညွှန်ကြားလိုက်ကြောင်း နိုင်ငံပိုင် အက်စ်ပီအေသတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရတ်နှင့် ထိစပ်နေသော နယ်စပ်ဒေသ၌ ဆော်ဒီစစ်သည်များအား ဖြန့်ကြက်ထားပုံကို အယ်လ်အာရေဗီးယား ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသသည်။ ရိုက်တာ။

# ပင်လယ်ရပ်ခြားနိုင်ငံများရှိ လေဆိပ်များ၌ လုံခြုံရေးမြှင့်တင်ရန် အမေရိကန် စီစဉ်

ဝါရှင်တန် ဇူလိုင် ၃

**အမေရိကန်ပြည်ထောင်စုသို့ ပြည်ပမှ တိုက်ရိုက်ပျံသန်းသော လေကြောင်းခရီးစဉ်များ အစပြုသည့် ပင်လယ်ရပ်ခြားလေဆိပ်များတွင် လုံခြုံရေးမြှင့်တင်သွားမည်ဖြစ်ကြောင်း အမေရိကန် အမိမြေလုံခြုံရေးဌာနက ဇူလိုင် ၃ရက်တွင် ထုတ်ပြန်ကြေညာသည်။**

ဆီးရီးယားနှင့် ယီမင်နိုင်ငံတို့ရှိ အယ်လ်ခိုင်ဒါစစ်သွေးကြွများက လေယာဉ်များပေါ် ဗုံးထောင်ရန် ကြိုးပမ်းနေသည်ဟု သတင်းများ ပေါ်ထွက်ခဲ့ပြီးနောက် ပင်လယ်ရပ်ခြားနိုင်ငံများရှိ လေဆိပ်များတွင် လုံခြုံရေး တင်းကျပ်ရန် အမေရိကန်က စီစဉ်လျက်ရှိသည်။ အကြမ်းဖက်သမားများသည် လေယာဉ်များပေါ်သို့ ဗုံးများကို ခိုးဝှက်သယ်ဆောင်နိုင်ရန် နည်းလမ်းများ ကြံနေကြောင်း အမိမြေလုံခြုံရေးဌာနက ပြောကြားသည်။

ဥရောပ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတို့ရှိ လေဆိပ်များ၌ လုံခြုံရေး အစီအစဉ်သစ်များကို ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းဒေသများရှိ လေဆိပ်များမှ အမေရိကန်ပြည်ထောင်စုသို့ တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းမှုများရှိကြောင်း အမည်မဖော်သူ အမေရိကန် တာဝန်ရှိသူများက ပြောကြားသည်။

လာမည့် ရက်အနည်းငယ်မှစ၍ လေဆိပ်လုံခြုံရေး အစီအမံသစ်များကို ပင်လယ်ရပ်ခြားနိုင်ငံများတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မည်သည့်လေဆိပ်များ အကျုံးဝင်သည်ကို အတိအကျမသိရပေ။

အမေရိကန်နှင့် မဟာမိတ်နိုင်ငံများအကြား လေကြောင်းလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များကို တိုးမြှင့်ဖလှယ်သွားမည့်အပြင် မြို့ပြလေကြောင်းဌာနများအကြား ညှိနှိုင်းတိုင်ပင်မှုမြှင့်တင်သွားမည်ဖြစ်ကြောင်း အမိမြေလုံခြုံရေးဌာနဝန်ကြီးဂျွန်ဆင်က ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ပင်လယ်ရပ်ခြားနိုင်ငံများရှိ လေဆိပ်များ၌ လုံခြုံရေးအစီအစဉ်သစ် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ မြို့ပြလေကြောင်း လုံခြုံရေးဌာနအား မိမိညွှန်ကြားထားကြောင်း ဂျွန်ဆင်က ပြောကြားသည်။ ရိုက်တာ။



အင်္ဂလန် မန်ချက်စတာလေဆိပ်၌ ခရီးသည်များအား လုံခြုံရေးအရ ရှာဖွေစစ်ဆေးစဉ်။

# ရေနံတင်ဆိပ်ကမ်းနှစ်ခုကို လစ်ဗျားအစိုးရက ပြန်လည်ထိန်းချုပ်



လစ်ဗျားနိုင်ငံ ဇော်ဝီယမြို့ရှိ ရေနံချက်စက်ရုံကို တွေ့ရစဉ်။

ထရီပိုလီ ဇူလိုင် ၃

လစ်ဗျားနိုင်ငံ၌ လွန်ခဲ့သည့်နှစ်က သူပုန်တပ်ဖွဲ့များ သိမ်းယူထားသည့် နိုင်ငံအရှေ့ပိုင်းမှ ရက်စ်လာနက်ဖ်နှင့်ဆီဒရာ ရေနံတင်ဆိပ်ကမ်း နှစ်ခုကို အစိုးရတပ်ဖွဲ့များက ပြန်လည် ထိန်းချုပ်လိုက်ကြောင်း အစိုးရအဖွဲ့က ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

လစ်ဗျား သူပုန်အဖွဲ့နှင့် သဘောတူညီမှုတစ်ရပ် ရရှိခဲ့ခြင်း၏ ရလဒ်အဖြစ် ရေနံဆိပ်ကမ်းနှစ်ခုကို အစိုးရက ပြန်လည်ထိန်းချုပ်နိုင်ခြင်းဖြင့် နိုင်ငံ၏ ရေနံအကျပ်အတည်းကို အဆုံးသတ်နိုင်ကြောင်း အစိုးရက ပြောကြားသည်။

လစ်ဗျား သူပုန်တပ်ဖွဲ့ဝင်များက ကနဦးအားဖြင့် ရေနံတင်ဆိပ်ကမ်း လေးခုကို သိမ်းပိုက်ခဲ့ပြီး ၎င်းတို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်ရန် တောင်းဆိုခဲ့သည်။

ယခုနှစ် ဧပြီလအတွင်းက ယင်းသို့ သိမ်းယူထားသည့် ရေနံတင် ဆိပ်ကမ်းလေးခုအနက်မှ နှစ်ခုကို အစိုးရထံ ပြန်လည်ပေးအပ်ခဲ့သည်။

ရေနံတင်ဆိပ်ကမ်းများအား လစ်ဗျားသူပုန်များ သိမ်းယူထားစဉ်က လစ်ဗျားနိုင်ငံ၏ ရေနံတင်ပို့မှု ဆိုးရွားစွာ ထိခိုက်ခဲ့ရသည်။

လစ်ဗျားနိုင်ငံ ခေတ္တဝန်ကြီးချုပ် အဗ္ဗဒူလာအယ်လ်သာနီနှင့် လစ်ဗျားသူပုန်ခေါင်းဆောင် အီဗရာဟင်တို့ ဇူလိုင်၂ရက်တွင် ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပပြီး ယနေ့တွင် ရက်စ်လာနက်ဖ်နှင့် ဆီဒရာ ရေနံတင်ဆိပ်ကမ်းနှစ်ခုအား ထိန်းချုပ်မှု ပြန်လည်ရရှိပြီဟု လစ်ဗျားခေတ္တဝန်ကြီးချုပ်က ပြောကြားသည်။ ပြန်လည်ထိန်းချုပ်ခွင့်ရသည့် ရေနံတင် ဆိပ်ကမ်းနှစ်ခု၏ တစ်နေ့တာ ရေနံစိမ်းတင်ပို့နိုင်မှုမှာ စည် ၅၀၀၀၀၀ ရှိသော်လည်း စက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများကြောင့် ယင်းသက်မှတ်ချက်ကို ပြည့်မီဖွယ် မရှိသေးပေ။

လစ်ဗျားနိုင်ငံသည် ပြည်ပသို့ ရေနံစိမ်းတင်ပို့ရောင်းချရာတွင် အသုံးပြုနိုင်ရန် ရေနံတင်ဆိပ်ကမ်း ကိုးခုရှိသည်။ ရေနံဆိပ်ကမ်းများကို အစိုးရက ပြန်လည်ထိန်းချုပ်နိုင်ခြင်းဖြင့် ပြည်ပသို့ ရေနံစိမ်းတင်ပို့နိုင်စွမ်း ငါးဆနီးပါး မြင့်တက်လာမည်ဖြစ်သည်။ ဘီဘီစီ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခမ်းအနားဖြင့် ကြိုဆို



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Emmanuel Trinidad Bautista က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။** (မြဝတီ)

**နေပြည်တော် ဇူလိုင် ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Emmanuel Trinidad Bautista က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇူလိုင် ၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် Quezon City၊ Camp Aguinaldo ရှိ ဖိလစ်ပိုင်တပ်မတော် ဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်တပ်မတော်ဌာနချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး Bilateral အစည်းအဝေးခန်းမ၌ ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုရှိပြီးဖြစ်သည့်အပြင် တပ်မတော်ခေါင်းဆောင်အချင်းချင်းလည်း ရင်းနှီးသည့် မိတ်ဆွေရင်းချာများဖြစ်ပါကြောင်း ပြောကြားပြီး အာဆီယံနှင့် ဒေသတွင်း အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နှစ်နိုင်ငံတပ်မတော်အရာရှိများ ချစ်ကြည်ရေးခရီးစဉ် အပြန်အလှန် စေလွှတ်ရေး၊ ဘာသာစကားသင်တန်း အပါအဝင် အခြားသင်တန်းသားများ အပြန်အလှန် စေလွှတ်ရေး၊ နှစ်နိုင်ငံ တပ်မတော် ဆေးတပ်ဖွဲ့များ၊ အားကစားအသင်းအဖွဲ့များ အပြန်အလှန်စေလွှတ်နိုင်ရေးတို့ကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သည် နိုင်ငံ၏ လိုအပ်သည့်ကဏ္ဍများတွင် တာဝန်ယူဆောင်ရွက်ရပါကြောင်း၊ ထိုသို့ တာဝန်ယူ ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နှစ်နိုင်ငံတပ်မတော်တို့အကြား အပြည့်အဝပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒေသတွင်းကိစ္စများ အပါအဝင် နှစ်နိုင်ငံအကျိုးရှိစေမည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မှုကြောင့် အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရန်တာဝန်ရှိသည်ဆိုသည့်အချက်ကို အပြည့်အဝထောက်ခံပါကြောင်း၊ မိမိတို့တပ်မတော်နှစ်ရပ်သည် အရင်းနှီးဆုံး မိတ်ဆွေများအဖြစ်မှတ်ယူပါကြောင်းနှင့် တပ်မတော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသို့ ရောက်ရှိပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Voltaire T Gazmin တို့သည် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျင်းပသော အာဆီယံထိပ်သီး အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်သည့်အတွက် ဂုဏ်ပြုအပ်ပါကြောင်းနှင့် ၂၀၁၃ ခုနှစ် ဟိုင်ရပ်တိုက်ဖွန်းမုန်တိုင်း တိုက်ခတ်မှုတွင် မြန်မာနိုင်ငံနှင့် မြန်မာ့တပ်မတော်တို့မှ ကူညီခဲ့သည်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး (၅၉)နှစ်တာကာလအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည့်အတွက် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ဆက်ဆံရေး၏ ခြေလှမ်းသစ်တစ်ရပ် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အမြင်ချင်းဖလှယ်ခွင့်ရရှိပြီး အတွေ့အကြုံများစွာရရှိမည်ဟု မျှော်လင့်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံနှင့် မြန်မာ့တပ်မတော်တို့သည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒအတိုင်း နိုင်ငံအားလုံးနှင့် ရင်းရင်းနှီးနှီးပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျသဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်ကိုလည်း အထူးဂရုပြုဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဖိလစ်ပိုင်ရေတပ်ဌာနချုပ်သို့ ရောက်ရှိကြရာ ဖိလစ်ပိုင်ရေတပ်ဦးစီးချုပ် Vice Admiral Jesus C Millan နှင့် ဖိလစ်ပိုင်ရေတပ်အရာရှိကြီးများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖိလစ်ပိုင်ရေတပ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး ဖိလစ်ပိုင်ရေတပ် Club ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဖိလစ်ပိုင်ရေတပ် ဦးစီးချုပ် Vice Admiral Jesus C Millan တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် Villamor Air Base ရှိ ဖိလစ်ပိုင်လေတပ်ဌာနချုပ်သို့ ရောက်ရှိကြရာ ဖိလစ်ပိုင်လေတပ်ဌာနချုပ်မှ စစ်ဆေးရေးအရာရှိချုပ် Brigadier General Reynaldo Castillo နှင့် အရာရှိကြီးများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖိလစ်ပိုင်လေတပ်ဦးစီးချုပ် Lieutenant General Jeffery F.Delgado နှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကာ Villamor Air Base ရှိ Air Force Museum သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့အား ဖိလစ်ပိုင်သမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Emmanuel Trinidad Bautista နှင့် ဇနီးတို့က ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ရှိ EDSA Shangri La Hotel Garden Ballroom ၌ ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ဖိလစ်ပိုင်တပ်မတော်လေတပ်တီးဝိုင်းနှင့် ဖိလစ်ပိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က တေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့သည် နှုတ်ခွန်းဆက်စကား အပြန်အလှန်ပြောကြားကြပြီး အမှတ်တရ လက်ဆောင်များ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာပြီး ထိုင်းနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃ ရက် ဒေသစံတော်ချိန် ၉ နာရီ ၄၅ မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာရာ ဖိလစ်ပိုင် တပ်မတော်မှ Lieutenant General Gregorio Pio P Catapang JR AFP၊ Rear Admiral Isabelo H Gador AFP၊ Major General Wilfredo O Ona AFP၊ Major General Rey Leonardo B Guerrero AFP နှင့် တပ်မတော်အရာရှိကြီးများ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ညွန့်ဆွေနှင့်ဇနီး၊ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဗန်ကောက်မြို့သို့ ရောက်ရှိသည်။ **(ယာပုံ)**

လေဆိပ်တွင် ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် General Worapong Sanganetra နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ချစ်ဆွေနှင့်ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ အမျိုးသားငြိမ်ဝပ်ပိပြားမှုကောင်စီ NCPO အကြီးအကဲနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# လူမှုစီးပွားမြင့်တက်ဖို့ သမဝါယမစနစ်ဖြင့် ဆောင်ရွက်ကြစို့

မြင့်အောင်မြင့်

ကမ္ဘာပေါ်မှာ စနစ်တစ်ခု၊ အယူဝါဒတစ်ခု ပေါ်ထွန်းလာခဲ့တယ်ဆိုပါစို့။ ထိုစနစ်အယူဝါဒဟာ လူသားတွေနဲ့ သဟဇာတဖြစ်ပါမှ၊ လိုက်လျောညီထွေဖြစ်ပါမှ၊ လူသားတို့ရဲ့ ပျက်စီးရာပျက်စီးကြောင်းကို တားဆီးပိတ်ပင်နိုင်ပါမှ၊ လူမှုအကျိုးစီးပွားကို ဖြစ်ထွန်းကာကွယ်စောင့်ရှောက်နိုင်ပါမှ ရေရှည်တည်တံ့စွာ ရပ်တည်နိုင်မှာဖြစ်ပါတယ်။

အထူးသဖြင့် လူသားတွေလိုလားမယ့်၊ နှစ်ခြိုက်သဘောကျမယ့်၊ လူသားတွေကို အကျိုးပြုမယ့် စနစ်အယူဝါဒ တည်ရှိခြင်းအားဖြင့် မိမိတို့အတွက် ကောင်းမွန်တဲ့ အကျိုးကျေးဇူးများရရှိမည်ဆိုတဲ့ အယူဝါဒများသာလျှင် ရေရှည်တည်တံ့မှာဖြစ်ပြီး အံ၀င်ခွင်မကျသော၊ လူထုအများစုမနှစ်ခြိုက်မလိုလားသော နည်းစနစ်များ၊ အယူဝါဒများဟာ ရေပွက်ပမာ ကျွန်တော်တို့ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားရတာချည်းဖြစ်တယ်။

ဒါကြောင့် ကမ္ဘာမြေကြီးက လက်ခံသောစနစ်နဲ့ အယူဝါဒများရဲ့ ဂုဏ်သတ္တိများကို ဖော်ပြရမယ်ဆိုရင် လူသားများရဲ့ အကျိုးကို ဆောင်ကြတယ်။ လူသားများရဲ့ စည်းကမ်း၊ ဥပဒေနှင့်အညီ လိုက်နာကျင့်ကြံစေသည့် လူသားများရဲ့ လူမှုစီးပွားဘဝကို လုံခြုံစေရန် အာမခံချက်ပေးနိုင်ပါတယ်။

လူသားအချင်းချင်း ကူညီရိုင်းပင်းစေတတ်တယ်။ တစ်ဦးတစ်ယောက်တည်း မလုပ်ဆောင်နိုင်သော အလုပ်များကို စုပေါင်းလုပ်ကိုင်စေတတ်၍ စုပေါင်းဆွေးနွေး၊ စုပေါင်းလုပ်ဆောင်၊ စုပေါင်းခံစားခြင်းများ ရှိကြတယ်ဆိုတဲ့ စနစ်တစ်ခုဟာ မရှိမဖြစ် ပေါ်ပေါက်လာရမှာဖြစ်ပါတယ်။

ဒါကြောင့် ကမ္ဘာပေါ်မှာ အင်္ဂလန်နိုင်ငံမှအစပြု၍ ၁၈ ရာစုနှောင်းပိုင်း သမဝါယမစနစ် ပေါ်ထွက်လာခဲ့တယ်။ အခြေခံလူတန်းစား၊ အောက်ဆုံးအဆင့်လူတန်းစားများရဲ့ လူမှုစီးပွားဘဝကို ဖြေရှင်းနိုင်ရန်အတွက် ပေါ်ထွက်လာရခြင်းဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်တည်းက ပြဿနာကို မဖြေရှင်းနိုင်သည့်အခါတွင် စုပေါင်း၍ အများအားကိုရယူ၍ ဖြေရှင်းနိုင်ကြောင်း ထိုသမဝါယမစနစ်က မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်ပါတယ်။ အချုပ်ဆိုရပါမူ သမဝါယမစနစ်ပေါ်ပေါက်လာရခြင်းသည် အခြေခံလူတန်းစားများ၏ အခြေခံလိုအပ်ချက် Basic Necessary များ ဖြည့်ဆည်းပေးနိုင်ခြင်း၊ အခြေခံလူတန်းစားများ၏ Needs ကို ဖြည့်စွက်ပေးနိုင်ခြင်းနဲ့ အခြေခံလူတန်းစားတို့၏ ပကတိအရှိတရား Reality ကို သမဝါယမနည်းစနစ်ဖြင့်သာ ဆောင်ရွက်ပေးနိုင်ခြင်းတို့ကို လူသားများမှ သိရှိနားလည် လက်ခံလာခြင်းကြောင့်ပဲဖြစ်တယ်။

အမှန်တကယ်ဆိုရပါမူ ၁၈ ရာစုနှောင်းပိုင်းမှ ပေါ်ထွက်လာခဲ့တဲ့ သမဝါယမစနစ်ဟာ ရှေးမွန်မဆွ၊ လက်ဦးကပင် လူသားတို့၏ နှလုံးသားမှာ ခိုအောင်းနေပြီးသားဖြစ်ပါတယ်။ မိသားစုတစ်စု၊ အိမ်ထောင်စုတစ်စုတွင် တစ်ဦးတစ်ယောက်တည်းက ဆောင်ရွက်ရသည့်ကိစ္စများရှိသလို စုပေါင်းဆောင်ရွက်မှ အောင်မြင်မှုရှိမည့် ကိစ္စရပ်များအတွက် မိသားစုအားလုံး စုပေါင်းဆောင်ရွက်တဲ့အလေ့အထများ ရှိပြီးသားပင်ဖြစ်ပါတယ်။ စုပေါင်းဆောင်ရွက်ခြင်းဟာ သမဝါယမစနစ်ရဲ့ အရိုးစင်းဆုံးသော အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ ဒါကြောင့် လူသားတိုင်းမှာ တိမ်မြုပ်နေတဲ့ မွေးရာပါသမဝါယမစနစ်များဟာ ၁၈ ရာစုနှောင်းပိုင်းမှာ ကမ္ဘာတစ်ဝန်း နိုးကြားလာခြင်းပဲဖြစ်ပါတယ်။

သမဝါယမစနစ်ဟာ အခြေခံလူတန်းစားများရဲ့ လူမှုစီးပွားဘဝကို မြင့်တင်နိုင်စွမ်းရှိတယ်လို့ လူသားများက အသိအမှတ်ပြုလက်ခံထားကြပါတယ်။ အများအကျိုးစီးပွားကို မိမိအကျိုးစီးပွားနှင့်နှိုင်းယှဉ်၍ အင်အားစိုက်ထုတ်ပူးပေါင်းဆောင်ရွက်တဲ့ သမဝါယမစနစ်သည်သာလျှင် အခက်အခဲများ၊ စီးပွားရေး၊ လူမှုရေးစိန်ခေါ်မှုများကို ညင်သာစွာ၊ ပြတ်သားစွာဖြင့် ကျော်လွှားသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သမဝါယမအဖွဲ့အစည်းများဟာ တစ်ကမ္ဘာလုံးရှိ တိုင်းပြည်အသီးသီးမှာ မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးစေကာမူ၊ မည်သည့်အယူဝါဒ ကိုးကွယ်မှုရှိစေကာမူ ပြည်သူများအတွက် မရှိမဖြစ်သော အဖွဲ့အစည်းအဖြစ် ထာဝစဉ်ရပ်တည်သွားမယ့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာ သမဝါယမစနစ်ဟာ ၁၉ ရာစုနှစ်အစဦးပိုင်း၌ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့မှ အစပြုခဲ့ပါတယ်။ နှစ်ပေါင်း ၁၀၀ ကျော်တိုင်လာပြီဖြစ်သော်လည်း သမဝါယမစနစ်ဖြင့် မရပ်မနားပြည်သူလူထု၏အကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်နေဆဲဖြစ်ပါတယ်။ နိုင်ငံရေးပေါ်လစီများ ပြောင်းလဲလေတိုင်း သမဝါယမစနစ်သည် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံတွင် သမဝါယမစနစ်ဖြင့် ကျင့်သုံးခဲ့သော ကျင့်ဝတ်များ၊ အသွင်သဏ္ဍာန်များ၊ အနှစ်သာရများသည် အလွန်အဓိပ္ပာယ်ပြည့်ဝသော မူဝါဒစနစ်ဖြစ်သော်လည်း သမဝါယမလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သူများ၏ ချို့ယွင်းအားနည်းချက်များကြောင့် သမဝါယမစနစ်သည် ထင်သလို ခရီးမပေါက်ခဲ့ဘဲ သား၀၊ မယား၀တည်းဟူသော နာမည်ပျက်ဖြင့် ပြည်သူတို့၏ ရင်ထဲ၀ယ် အရိပ်မည်းကြီး ထင်ဟပ်ခဲ့ရပါတယ်။

အရိုးသားဆုံး အပွင့်လင်းဆုံး တင်ပြရမည်ဆိုလျှင် မူကောင်းသော်လည်း လူတို့၏ (MIND SET)ကြောင့် ဖြစ်ခဲ့ရတာဖြစ်တဲ့အတွက် (MIND SET) ကို မဖြစ်မနေ ပြောင်းပစ်ကြရမှာဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ ကြာမြင့်လာပြီးဖြစ်တဲ့ သမဝါယမလမ်းကြောင်းခရီးမှာ ချို့ယွင်းချက်များ၏ အပြန်ပြန်အလှန်လှန် သုံးသပ်ဝေဖန်သင်ခန်းစာရယူပြီး ပြုလုပ်ဆောင်ရွက်သွားမယ်ဆိုရင်ဖြင့် အကောင်းဆုံးတွေကို ရရှိလာမှာဖြစ်ပါတယ်။ ပြင်ရမယ့်(MIND SET)တွေကို ပြုပြင်ဆောင်ရွက်သွားမယ်ဆိုရင် အကောင်းဆုံးတွေကို ရရှိလာမှာဖြစ်ပါတယ်။ ပြင်ရမယ့် MIND SET တွေကို လျစ်လျူရှုထားမယ်၊ မပြုပြင်ဘဲထားမယ်ဆိုရင်တော့ သမဝါယမစနစ်ကြီးဟာ တဖြည်းဖြည်းနဲ့ ပရုတ်လုံးလို လုံးပါးပါးသွားမှာဖြစ်တဲ့အပြင် နိုင်ငံတော်အပေါ်မှာလည်း မလိုလားအပ်တဲ့ဝန်များ ပိစေမှာဖြစ်ပါတယ်။ အခုနိုင်ငံတော် အစိုးရသစ်လက်ထက်မှာတော့ ပြင်သင့်တာပြင်၊ ပေါင်းစပ်သင့်တာပေါင်းစပ်၊ အခြေခံလူတန်းစားများအဆင့်ထိ အောက်ခြေဆင်း အလုပ်လုပ်နေလေတော့ သမဝါယမလမ်းကြောင်းဟာ ဦးမော့လာပါပြီ။ ယခင် မှားခဲ့တဲ့အမှားတွေကို သင်ခန်းစာယူပြီး ယခုအချိန်မှာတော့ ပြန်လည်ရှင်သန်အောင် ပြုလုပ်ခြင်း (Healing Process)၊ အရင်းအမြစ်အသစ်များ ပြုလုပ်ပေးခြင်း (RENEWABLE RESOURCE)၊ ပြန်လည် တည်ဆောက်ပေးခြင်း (RESTRUCTURING) များကိုလည်း ပြုလုပ်ပေးနေပြီဖြစ်ပါတယ်။



သမဝါယမစနစ်ရဲ့ အခြေခံမူကိုကြည့်မယ်ဆိုရင် အခုနိုင်ငံတော်က ကျင့်သုံးနေတဲ့ ဒီမိုကရေစီဖော်ဆောင်ထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မိမိဆန္ဒအလျောက် အတင်းအကျပ်ခြိမ်းခြောက်မှု၊ သွေးဆောင်ဖြားယောင်းမှုများမပါဘဲ မိမိ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ပါဝင်နိုင်ခြင်း၊ လူတိုင်းလူတိုင်း တန်းတူအခွင့်အလမ်း ရရှိခြင်း၊ အများ၏တူညီသော ဆန္ဒအရသာ လုပ်ဆောင်မှုရှိခြင်း၊ အသင်းသားများရဲ့ စီးပွားရေး၊ လူမှုရေးဘဝမြင့်မားလာစေရန် ရည်ရွယ်ဆောင်ရွက်မှုရှိခြင်းစတဲ့ ကောင်းမွန်တဲ့ လောကပါလတရားများကို အခြေခံထားကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရာခပ်သိမ်းကို ကျော်နိုင်စွမ်းရှိကြောင်းကို ညွှန်ပြထားတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

သမဝါယမစနစ်ရဲ့ အနှစ်သာရများမှာလည်း-

(၁) ကိုယ့်အားကိုယ်ကိုးခြင်း
(၂) ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း
(၃) အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း
(၄) တန်းတူညီမျှရှိခြင်း
(၅) တရားမျှတခြင်း
(၆) စည်းလုံးညီညွတ်မှုရှိခြင်း စတဲ့ လောကရဲ့ စွဲမက်ဖွယ်အနှစ်တရားများပဲဖြစ်ပါတယ်။

အနှစ်သာရများအနက်က တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းဟာ လူ့ဘောင်လောကအတွက် အလိုအပ်ဆုံးနှင့် အမှန်ကန်ဆုံး တရားများသာဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

သမဝါယမစနစ်မှာ ကျင့်သုံးနေတဲ့ ကျင့်ဝတ်များကတော့-

(၁) ရိုးသားခြင်း
(၂) ပွင့်လင်းခြင်း
(၃) လူမှုရေးစိတ်ဓာတ်ရှိခြင်း
(၄) အများအကျိုးဆောင်ရွက်ခြင်းတို့ပဲဖြစ်ပါတယ်။

ဒါတွေဟာ လူတွေရဲ့ စိတ်ဓာတ်နဲ့ အဓိကပတ်သက်နေပါတယ်။ ဒါကြောင့် ကျွန်တော်စောစောက တင်ပြသွားခဲ့တဲ့ MIND SET နဲ့ ဆိုင်ပါတယ်။ လူတွေရဲ့ MIND SET ဟာ ဖော်ပြပါကျင့်ဝတ်များနဲ့ အံ၀င်ခွင်ကျဖြစ်ဖို့လိုပါတယ်။ ပွင့်လင်းမြင်သာမှုရှိခြင်းဟာလည်း တစ်ဦးနဲ့တစ်ဦး သံသယစိတ်ကင်းရှင်းခြင်း၊ တစ်စိတ်တစ်ဝမ်းတည်းရှိခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ကျူးထားခြင်းပဲဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့သမဝါယမစနစ်မှာ ဥပဒေကြီးတစ်ရပ်လို လက်စွဲကိုင်ထားတဲ့ အခြေခံမူဝါဒတွေ၊ အနှစ်သာရတွေ၊ အခြေခံကျင့်ဝတ်တွေဟာ ဖော်ပြလို့ မရလောက်အောင်၊ အားနည်းချက်မတွေ့လောက်အောင် ကောင်းမွန်ပါတယ်။ ပြီးတော့ လူသားများ (အထူးသဖြင့် ဆင်းရဲနွမ်းပါး လူတန်းစား) ရဲ့ ဆန္ဒတောင်းဆိုချက်တွေကြောင့် ပေါ်ပေါက်လာရတဲ့ စနစ်ဖြစ်ပြီး အခြေခံလူတန်းစားများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝမြင့်တင်နိုင်မယ့် စနစ်ဖြစ်တာမို့ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတော်ကြီးမှာ သမဝါယမစနစ်ကို မလွဲမသွေ ကျင့်သုံးဆောင်ရွက်သွားရမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျား။ ။

**သမဝါယမအဖွဲ့အစည်းများဟာ တစ်ကမ္ဘာလုံးရှိ တိုင်းပြည်အသီးသီးမှာ မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးစေကာမူ၊ မည်သည့်အယူဝါဒကိုးကွယ်မှုရှိစေကာမူ ပြည်သူများအတွက် မရှိမဖြစ်သော အဖွဲ့အစည်းအဖြစ် ထာဝစဉ်ရပ်တည်သွားမယ့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရ။**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးကိုလည်း အားပေးကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့်သက်ဆိုင်သည့်မေးခွန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားခဲ့သည်။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **"လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုခွင့် လျှောက်ထားရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းအဆင့်ဆင့်နှင့် လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးချိန်မှ ယခုအချိန်ထိမည်မျှခွင့်ပြုပြီးဖြစ်သည်ကို သိလိုကြောင်း"**မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းပြီးချိန်မှစ၍ လယ်ယာမြေကို အကြောင်းမဲ့ လျော့နည်းပြုန်းတီးမှုမဖြစ်စေရေး၊ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံမှုကို မထိခိုက်စေရေးတို့ကို ရည်ရွယ်လျက် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များ၏ တင်ပြချက်အရ လယ်ယာမြေဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှု အနေဖြင့် လျှောက်ထားမှု (၂၈၅)ခုအနက် နေပြည်တော် ကောင်စီနယ်မြေတွင် (၆)ခု၊ မန္တလေးတိုင်းဒေသကြီးတွင် (၂)ခုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် (၂)ခု စုစုပေါင်း (၁၀)ခုကိုစိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း။

လယ်ယာမြေဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ခွင့်ပြုပေးနိုင်သည့် လယ်မြေမှတစ်ပါး၊ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုခဲ့သည့် အခြေအနေသည် နေပြည်တော်ကောင်စီနယ်မြေ၌ လျှောက်ထားမှု (၁၂၁)ခု တွင် (၄၇)ခု၊ ကချင်ပြည်နယ်၌ လျှောက်ထားမှု (၁)ခုတွင် (၁)ခု၊ ကရင်ပြည်နယ်၌ လျှောက်ထားမှု (၅)ခုတွင် (၂)ခု၊ စစ်ကိုင်းတိုင်းဒေသကြီး၌ လျှောက်ထားမှု (၂၁၈)ခုတွင် (၁၁၉)ခု၊ တနင်္သာရီတိုင်းဒေသကြီး၌ လျှောက်ထားမှု(၂၆)ခုတွင် (၉)ခု၊ ပဲခူးတိုင်းဒေသကြီး၌ လျှောက်ထားမှု (၂၃)ခုတွင် (၂၁)ခု၊ မကွေးတိုင်းဒေသကြီး၌ လျှောက်ထားမှု (၅၃)ခုတွင် (၃၅)ခု၊ မန္တလေးတိုင်းဒေသကြီး၌ လျှောက်ထားမှု (၁၄၃)ခုတွင် (၁၁၇)ခု၊ မွန်ပြည်နယ်၌ လျှောက်ထားမှု (၇၁) ခုတွင် (၇၀)၊ ရခိုင်ပြည်နယ်၌ လျှောက်ထားမှု (၈၃)ခုတွင် (၆၈)ခု၊ ရန်ကုန်တိုင်းဒေသကြီး၌ လျှောက်ထားမှု (၃၀)တွင် (၂၄)ခု၊ ရှမ်းပြည်နယ်၌ လျှောက်ထားမှု (၇၇)ခုတွင် (၆၂)ခုဖြစ်၍ စုစုပေါင်း (၆၀၈)ခုကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးပြီးစာရင်းသည် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ မြေပြင်ကွင်းဆင်းစိစစ် ကြပ်မတ်ဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မှန်ကန်မည်ဖြစ်ပါကြောင်း၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ရက်စွဲပါစာမှတ် ၁၂/လယ-၅၁(၀၀၄/၂၀၁၃) ဖြင့် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားခြင်း လုပ်ငန်းများအတွက် မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့်ကိစ္စ ညွှန်ကြားချက်သည်အတည်ပြုပြဋ္ဌာန်းထားရှိသည့် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးအုန်းသန်း။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦး၏ **"တည်ဆဲဥပဒေများနှင့်အညီ တစည်းတလုံးတည်းရှိသည့် တစ်ခုတည်းသော တောင်သူလယ်သမားအဖွဲ့အစည်းသို့မဟုတ် အစည်းအရုံးဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်း နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အသင်းအဖွဲ့များဖွဲ့စည်းရန်အတွက် ကိုယ်တိုင်ဦးဆောင်၍ ဖွဲ့စည်းခြင်း သော်လည်းကောင်း၊ ကိုယ်တိုင်စိစစ်ခွင့်ပြုပေးခြင်း သော်လည်းကောင်း ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်း မဟုတ်ဘဲ အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ တာဝန်ယူသည့် ပြည်ထဲရေးဌာနမှသဘောထားမှတ်ချက်မေးမြန်းလာလျှင် ဥပဒေနှင့်ညီညွတ်စွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် သဘောထားမှတ်ချက်သာလျှင် ပြန်လည်ပေးပို့ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစည်းတလုံးတည်းရှိသည့် တစ်ခုတည်းသော တောင်သူလယ်သမားအဖွဲ့အစည်းကြီး ဖွဲ့စည်းရန်ကိစ္စများသည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ထူးခြားသည့် ဝိသေသအခြေခံအကြောင်းအရာများအပေါ်မူတည်ပြီး ရပ်/ကျေး အဆင့်မှစတင်၍ အဆင့်ဆင့်ဖွဲ့စည်းပြီး တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်သို့ ဖွဲ့စည်းရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့်၊ နိုင်ငံတော်အဆင့် တစည်းတလုံးတည်းရှိသည့် တစ်ခုတည်းသော တောင်သူလယ်သမား အဖွဲ့အစည်းတစ်ရပ်ကို ဦးဆောင်ဖွဲ့စည်းပေးရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **"တောင်သူလယ်သမားများစိုက်ပျိုးထားရှိသည့် တောင်ယာသီးနှံများဈေးကျသဖြင့် အရှုံးပေါ်ရသည့်ကိစ္စများအား ဖြေရှင်းပေးမည့် အစီအစဉ်များကို သိလိုကြောင်း"**မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဝင်ငွေတွက်ခြေကိုက်ပြီး နိုင်ငံခြားဈေးကွက်ဝင်သည့် သက်တမ်းတို သီးနှံမျိုးစေ့များအားတီထွင် အသုံးပြုစိုက်ပျိုးနိုင်ရန် သုတေသနပြု စမ်းသပ်ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း။

စီးပွားရေးတွက်ခြေကိုက်သည့် ဒေသရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မိမိတို့၏ လယ်ယာထွက်ကုန်များ ဈေးကောင်းရရှိနိုင်မည်ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တစ်ဧကအထွက်နှုန်း တင်း(၂၀၀)ထွက်ရှိသည့် စပ်မျိုးစပါးမျိုးစေ့များ၊ တစ်ဧကတင်း(၁၀၀)ထွက်ရှိသည့် မြေပဲမျိုးများ၊ တင်း(၁၀၀)ထွက်ရှိသည့် စပ်မျိုးပြောင်းမျိုးစေ့များ၊ တင်း(၅၀)ထွက်ရှိသည့် စပ်မျိုးနေကြာ၊ ဈေးကွက်ဝင်ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ပဲအမျိုးမျိုးတို့ကို ပွားများ၍ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

တောင်သူလယ်သမားများ စိုက်ပျိုးထွက်ရှိလာသည့်သီးနှံများဈေးကောင်းရရှိရေးနှင့် လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် ဂျပန်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများနှင့်ပူးပေါင်း၍ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို တန်ဖိုးမြင့်ထုတ်ကုန် ကုန်ချောများ ထုတ်လုပ်ပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်လျက်ရှိသည့်အပြင် ပုဂ္ဂလိက ကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးကိုလည်း အားပေးကူညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၈ သို့ ***

အမျိုးသားလွှတ်တော်အစည်းအဝေး

# ထာဝရငြိမ်းချမ်းရေးကို အချိန်မီအောင်မြင်စွာ ဆက်လက်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အဆိုအား ထောက်ခံ

**နေပြည်တော် ဇူလိုင် ၃**

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ **"ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ယင်းအဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က တင်သွင်းခဲ့ပြီး အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က (၂၁)ရက်အတွင်း ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် (၂၁)ရက်စောင့်ဆိုင်းပြီးမှ အဆိုအား လွှတ်တော်၏ အဆုံးအဖြတ် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က လက်နက်ကိုင်ပဋိပက္ခများ ဆက်ဖြစ်နေမည်ဆိုပါက နိုင်ငံတော်ကပြန်လည်တည်ဆောက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းကြီးကိုလည်း များစွာအနှောင့်အယှက်ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားညီအစ်ကို အချင်းချင်း ယုံကြည်မှုတည်ဆောက်ရာတွင်လည်း များစွာထိခိုက်စေမည်ဖြစ်ပါကြောင်း၊ နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိနိုင်ငံတော်နှင့် နိုင်ငံသားများကို အလေးထားချစ်မြတ်နိုးသူများ ဖြစ်သည်နှင့်အညီ ဖြစ်ပျက်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို အမြန်ဆုံး ရပ်တန့်ပေးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး၍ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။



သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်က မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်းရေး မရရှိသေးသမျှ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်မည် မဟုတ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးကို အရင်ရရှိအောင် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် စနစ်တကျနှင့် ညင်ညင်သာသာ လုပ်ဆောင်နိုင်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၆)ဖွဲ့ရှိသည့်အနက် (၁၄)ဖွဲ့သည် အစိုးရနှင့်အပစ်အခတ်ရပ်စဲထားပြီးဖြစ်ပါကြောင်း၊ ကျန်နှစ်ဖွဲ့နှင့်လည်း အပစ်အခတ်ရပ်စဲရေးအတွက် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ၏အရင်းအမြစ်သည် နိုင်ငံရေးပြဿနာဖြစ်ပါကြောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ မဖြေရှင်းနိုင်ကြသည့်အတွက် တစ်ဖက်နှင့်တစ်ဖက် လက်နက်ကိုင်တိုက်ခိုက်ကြရသည့် ပဋိပက္ခအဆင့်ကို ရောက်ရှိလာကြခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူဖော့**က ငြိမ်းချမ်းရေးကို မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများသာမက လူ သားတိုင်း အလိုချင်ဆုံးအရာဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံသည် စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေရပြီး မပြီးပြတ်နိုင်သေးသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ စစ်မှန်ခိုင်မြဲသော ငြိမ်းချမ်းရေးဆွေးနွေးပွဲဖော်ဆောင်မှု အနေအထားများသည် အတိုင်းအတာအဆင့်တစ်ခုအထိသာ ရောက်ပြီး မအီမလည်ဖြစ်နေပါကြောင်း။



ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်။

သဘောဆန္ဒစစ်အဖြေရှာကြည့်ပါက စည်းလုံးညီညွတ်မှုပျက်ပြားပြိုကွဲစေသည့် မတူညီသောအမြင်သဘောထား၊ ဆန္ဒ၊ အခွင့်အရေး၊ သာတူညီမျှ စသည်တို့ကြောင့် ယုံကြည်မှုမတည်ဆောက်နိုင်ခြင်းဖြစ်သည်ဟု ယူဆပါကြောင်း၊ ယုံကြည်မှုကို အလွယ်တကူတည်ဆောက်နိုင်ရန် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက်နားလည်ခွင့်လွှတ်ပြီး နှစ်ဦးနှစ်ဖက် အလျှော့အတင်း လိုက်လျောမှုများကို စိတ်ရင်းစေတနာအမှန်၊ စိတ်ကောင်းစေတနာနှင့် မျှမျှတတ တည်ဆောက်ကြမည်ဆိုပါက ယုံကြည်မှုခိုင်မြဲပြီး စည်းလုံးညီညွတ်သည့် ငြိမ်းချမ်းရေးကို အခက်အခဲမရှိ လွယ်ကူစွာတည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း**က ပြည်တွင်းငြိမ်းချမ်းရေးသည် မိမိတို့နိုင်ငံအတွက် အရေးကြီးဆုံး၊ အခြေခံအကျဆုံးနှင့် အလိုအပ်ဆုံး မဖြစ်မနေဆောင်ရွက်ရမည့်ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ မဖြစ်မနေ အောင်မြင်သည်အထိ ငြိမ်းချမ်းရေးကို တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့်အတူ တစ်ပြိုင်တည်း၊ စားပွဲတစ်ခုတည်း၊ အခန်းတစ်ခန်းတည်းတွင် အတူတကွ ဆွေးနွေးနိုင်ခြင်းသည် ပထမဦးဆုံး အောင်မြင်မှု တစ်ရပ်ဖြစ်ပါကြောင်း။

ပါတီစုံဒီမိုကရေစီနိုင်ငံ တည်ဆောက်နေချိန်တွင် ပြည်တွင်းပဋိပက္ခနှင့်ပတ်သက်ပြီး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးကို အကောင်းဆုံးသော အနေအထားတစ်ခုရအောင် တည်ဆောက်နိုင်သောကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ခဲ့သော ပုဂ္ဂိုလ်များကို ပြည်သူများနှင့်အတူ အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုအနေအထားမှ နေပြီး အောင်မြင်သည့်ပန်းတိုင်အရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံးက တညီတညွတ်တည်း ဆန္ဒပြင်းပြစွာ လိုလားတောင့်တလျက်ရှိပါကြောင်း၊ တရားမျှတပြီး တန်းတူညီမျှ၍ ခိုင်မာတည်တံ့သည့် ငြိမ်းချမ်းရေး (ထာဝရငြိမ်းချမ်းရေး) ကို အချိန်မီအောင်မြင်စွာ ဆက်လက်ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်

**စာမျက်နှာ ၈ သို့ ◆**

**❋ ပြည်သူ့လွှတ်တော်**

မြန်မာလယ်ယာထွက်ကုန်သီးနှံများကို ကိုရီးယား၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံတို့မှ ကညွတ်၊ ကန်စွန်းဉ၊ ပိန်းဉတို့ကို မျိုးသန့်ပွားများထုတ်လုပ်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဒေသနှင့်ကိုက်ညီသော သီးနှံတစ်မျိုးမျိုးကိုရွေးချယ်ပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village, One Product) စိုက်ပျိုးဆောင်ရွက်ကြရန် စည်းရုံးဆောင်ရွက်လျက်ရှိနေပါကြောင်း။

လယ်ယာထွက်ကုန်သီးနှံများသည် တစ်ရာသီပြီးတစ်ရာသီ ဆက်တိုက်စိုက်ပျိုး ထွက်ရှိနေသည့်အတွက် ဈေးကွက်ခိုင်မာမှုရရှိရန် အလွန်အရေးကြီးလိုအပ်နေသကဲ့သို့ ရေရှည်ထိန်းသိမ်းထားသိုနိုင်သည့် ခေတ်မီအအေးခန်းစနစ် ဂိုဒေါင်များ၊ ခေတ်မီထုပ်ပိုးသည့်စနစ်များ၊ ကုန်ကြမ်းအတိုင်းမရောင်းဘဲ တန်ဖိုးမြင့်အဆင့်မြင့် အခြောက်ခံခြင်း၊ အအေးခဲစနစ်ထုတ်လုပ်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းများကို ကမ္ဘာ့ဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ရန်လည်းလိုအပ်ချက်ရှိနေပါကြောင်း။

နှစ်ကာလအတန်ကြာအောင် စီးပွားရေးအရ ပိတ်ဆို့ခြင်းခံထားရသည့်အတွက် အဘက်ဘက်တွင် ခေတ်နောက်ကျကျန်နေခဲ့ရခြင်း၊ ဈေးကွက်ပျောက်နေခဲ့ရခြင်း အကျိုးဆက်များအပေါ် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရန်နှင့် လယ်ယာထွက်ကုန်များ ဈေးကွက်ယှဉ်ပြိုင်ရောင်းချနိုင်မည့် အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများအပေါ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူများအတွက် အထူးအလေးအနက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**◆ အမျိုးသားလွှတ်တော်**

၏ **"ပုဏ္ဏားကျွန်းမြို့ အတွက် လုံလောက်သော သောက်သုံးရေဖြန့်ဝေရေး အစီအစဉ်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့တွင် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်ရှိပြီး လူဦးရေ(၁၀၆၄၇)ဦးရှိပါကြောင်း၊ လူတစ်ဦးတစ်နေ့ရေဂါလန်(၂၀)နှုန်းဖြင့် ရေပေးဝေရန် တွက်ချက်ပါက ရက်ပေါင်း(၂၄၀)အတွက် ရေဂါလန်သန်း (၅၁ ဒသမ ၁၀)သန်းပေးဝေရမည်ဖြစ်ပါကြောင်း၊ လက်ရှိ ပုဏ္ဏားကျွန်းမြို့သို့ ရေပေးဝေလျက်ရှိသော ဂူဝရေလှောင်ကန်သည် မြို့နှင့် တစ်မိုင်တစ်ဖာလုံခန့်အကွာတွင် တည်ရှိပြီး ရေဂါလန်(၉၅)သန်း သိုလှောင်နိုင်ပါကြောင်း။

မြို့ပေါ်ရပ်ကွက်များသို့ ဂူဝဆည်မှ အများသုံးအုတ်ရေကန်(၁၀)ကန်၊ အိမ်သွယ်ရေတိုင်(၅၁၇)တိုင်သို့ တစ်နေ့လျှင် ရေဂါလန်(၁ ဒသမ ၅)သန်းခန့်ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးမှုရာခိုင်နှုန်းမှာ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် (၇၀)ရာခိုင်နှုန်း လွှမ်းခြုံမှုရှိပါကြောင်း၊ မြို့ပေါ်ရပ်ကွက်များသို့ ရာနှုန်းပြည့် ရေလွှမ်းခြုံမှုရှိစေရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်(60-HP) အင်ဂျင်တစ်လုံးဝယ်ယူခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၃ ဒသမ ၀)သန်းနှင့် မြို့ပတ်လမ်းတွင် ၄ လက်မပိုက်တိုးချဲ့သွယ်တန်းခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁ ဒသမ ၈)သန်းဖြင့် လုပ်ငန်းဆောင်ရွက်ရန် လျာထားပါကြောင်း။

တောင်ရင်းရေလှောင်တမံတည်ဆောက်ရန် ခန့်မှန်းကုန်ကျငွေကျပ်သန်း(၁၆၀၀)နှင့် ခမီးကြိမ်ချောင်းရေလှောင်တမံ တည်ဆောက်နိုင်ရန် ခန့်မှန်းကုန်ကျငွေကျပ်သန်း (၁၈၄၀)အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားပါကြောင်းနှင့် အဆိုပါ ရေလှောင်တမံများမှ ရေများရရှိလာပါက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာလူထုများ၏ သောက်သုံးရေကို လုံလောက်စွာပေးဝေနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"ဘုရင့်နောင်မင်းတရားကြီး အောင်မြေနှင့် အရိုးအိုးစေတီတော်ကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ဘုရင့်နောင်အောင်မြေနေရာနှင့် အရိုးအိုးစေတီတော် တည်ရှိရာနေရာသည် တည်နေရာအရ နီးစပ်မှုရှိသော်လည်း အချိန်ယူ လေ့လာဆန်းစစ် သုတေသနပြုရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဖြစ်နိုင်ခြေရှိမှုနှင့်စပ်လျဉ်း၍ နိုင်ငံအဝန်းလွှမ်းခြုံ၍ လေ့လာသုတေသနပြုပြီး အခိုင်အမာသမိုင်းပြုစုရန် ဦးစွာလိုအပ်မည်ဖြစ်ပါကြောင်း။

ဘုရင့်နောင်မင်းတရားကြီး အောင်မြေနေရာနှင့် အရိုးအိုးစေတီတော် တည်ရှိရာနေရာတို့နှင့် ပတ်သက်၍ သမိုင်းအထောက်အထားဆိုင်ရာ အချက်အလက်များ ခိုင်မာပြည့်စုံလုံလောက်မှုမရှိသေးပါသဖြင့် နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယင်းနေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအခမ်းအနားကို ကျင်းပရာ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်နှင့် ဒုတိယသမ္မတ ဦးဟင်္သာထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ နာယက ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်နှင့် ဒေါ်မြသိင်္ဂီ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ်များဆိုင်ရာ ကော်မတီအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံသည် အာဆီယံအမျိုးသမီးရေးရာကော်မတီနှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် မဲခေါင်ဒေသတွင်း နိုင်ငံများအနက် လူကုန်ကူးမှု တားဆီးရေးဥပဒေကို ပထမဆုံးရေးဆွဲပြဋ္ဌာန်းနိုင်သည့် နိုင်ငံဖြစ်ပါကြောင်း။

မြန်မာအမျိုးသမီးများအနေဖြင့် အခြားနိုင်ငံ၊ အခြားဒေသများက အမျိုးသမီးများကဲ့သို့ မဟုတ်ဘဲ သင့်လျော်သည့် အခွင့်အရေးများကို ရရှိခံစားနေရပါကြောင်း၊ သို့သော်လည်း အမျိုးသမီးအခွင့်အရေးနှင့် ကျား/မ တန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ၂၀၁၀ ခုနှစ်မှ စတင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီအနေဖြင့် အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ်စီမံချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်စဉ်လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆက်လက်ရေးဆွဲရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ကျား/မတန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များကို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိစေရန် ဆောင်ရွက်နိုင်ရေး၊ အစိုးရဝန်ကြီးဌာနများတွင် Gender Focal Point များဖွဲ့စည်းထားရှိရေး၊ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးရေးရာကော်မတီ အစည်းအဝေးများကို တိုင်းဒေသကြီး/ပြည်နယ် များတွင် ကျင်းပဆောင်ရွက်နိုင်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် အမျိုးသမီးအခွင့်အရေးများ၊ ဥပဒေများကို အသိပညာပေးရေးနှင့် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများ၏ဘဝ လုံခြုံမှုရှိစေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပေကျင်းကြေညာစာတမ်းတွင် ပါဝင်သည့် လုပ်ငန်းစဉ်၊ ထောင်စုနှစ်ရည်မှန်းချက်များနှင့် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးကွန်ဗင်းရှင်းတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် ကျောင်းနေအရွယ်ကလေးများကို ကျောင်းနေနိုင်ရေး၊ ဘုန်းတော်ကြီးကျောင်းများနှင့် စေတနာညကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ တက္ကသိုလ်ပညာ ဆက်လက်မသင်ကြားနိုင်သော ချို့တဲ့ကျောင်းသူများကို ပညာသင်စရိတ် ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များတွင် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုလိုအပ်သည့် သက်ကြီးရွယ်အိုများကို အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်း၊ အမျိုးသမီးများနှင့် မိဘမဲ့ကလေးများကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်ခြင်းနှင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါကြောင်း။

မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုတန်ဖိုးများ ထိန်းသိမ်းစောင့်ရှောက်ရေးသည် လိုအပ်လျက်ရှိပြီး မြို့ပြနှင့်ကျေးလက်ရှိ မြန်မာအမျိုးသမီးများ အတုယူမမှားစေရန်နှင့် ထိန်းသိမ်းမှုရှိစေရန်အတွက် အမျိုးသမီးများ၏ စုပေါင်းအင်အားဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှုန်က ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာပေဆုများ ရရှိခဲ့သည့် ဒေါ်ခင်မြဇင်၊ ဒေါက်တာခင်လကျ်ာနှင့်ဒေါ်ရွှေမြိုင်ပြုံးလဲ့မော်တို့အား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်အေးမြင့်က ၂၀၁၂ ခုနှစ် အမျိုးသားစာပေဆုရ ဒေါက်တာခင်စန်းမော်၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသူ မယမင်းသူနှင့် ၂၀၁၃ ခုနှစ် ထူးချွန် အမျိုးသမီးရဲတပ်ဖွဲ့ဝင် တပ်ကြပ်နွယ်နီဦးတို့အား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ၂၀၁၇ ခုနှစ် ထူးချွန်အမျိုးသမီးကြက်ခြေနီတပ်ဖွဲ့ဝင် ဒုတိယတပ်ရင်းမှူး ဒေါ်မြင့်မြင့်ဦး၊ (၁၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မအေးအေးစိုးနှင့် ၂၀၁၇ ခုနှစ် ထူးချွန်အားကစားမယ်မမေသင်းသင်းအောင်တို့အား လည်းကောင်း၊ နာယက ဒေါ်နီနီဝင်းက ၂၀၁၇ ခုနှစ် မသန်စွမ်းအားကစားမယ် မနော်ဟဲဖောထူးထွေးအား လည်းကောင်း၊ နာယက ဒေါ်ကျင်ခိုင်က ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများ ဘဝခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသည့် မဟယ်လင်နှင့် ဒုတိယဆုရရှိသည့် ချိုချိုမြင့်(စီးပွားရေးတက္ကသိုလ်-ရန်ကုန်)တို့အား လည်းကောင်း၊ နာယက ဒေါ်မြသိင်္ဂီက တတိယဆုရ ဆင်ဖြူကျွန်း ဇော်ဇော်ဝေနှင့် အထူးဆု ရရှိသူများအား လည်းကောင်း၊ နာယက ဒေါ်ခင်မိမိက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဝတ္ထုတိုပြိုင်ပွဲ ပထမဆုရ မမေစိမ်းဝင်း၊ ဒုတိယဆုရ ဒေါ်နုနုသိန်းတို့အား လည်းကောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက တတိယဆုရ ဦးဇော်လွင်ဦး(ဟသ်ာတ)နှင့် အထူးဆုရရှိသူများအား လည်းကောင်း ဆုများပေးအပ်ခဲ့ကြသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက လှူဒါန်းရရှိထားသော လှူနာတင်ယာဉ်အား မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်ထံ ထပ်ဆင့်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ၂၀၁၄ ခုနှစ် ဧပြီလအထိ အဖွဲ့ဝင်အင်အား ၅ ဒသမ၆ သန်းကျော်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများ၊ နာယကများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**သာစည် ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက သာစည်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ စာစီစာကုံးပြိုင်ပွဲသို့ အထက(၁)၊ အထက(၂)၊ အလက(ခွဲ) မီးရထားနှင့် အမက ကျောင်းများမှ အထက်တန်းအဆင့် ၄၅ ဦး၊ အလယ်တန်း ၆၅ ဦး၊ မူလတန်းအဆင့် ၁၅ ဦး ကျောင်းသားကျောင်းသူ ၁၂၅ ဦး ဝင်ရောက်ဖြေဆိုပြီးပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။ **ထွန်းထွန်း(သာစည်)**

သစ်ပင်စိုက်ပါ နို့ကာမှာ
သာယာလှပ စိမ်းမြမြ

**❂ ကျောက်ဖြူမှ**

ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အားလျော်စွာ လစ်ဟင်းမှုမရှိစေရန် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြရန်နှင့် လိုအပ်သည့် အကြံဉာဏ်ကောင်းများကိုလည်း ပေးနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက အခမ်းအနား ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ဆပ်ကော်မတီများအလိုက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကျင်းပမည့် အခမ်းအနားတွင် လုံခြုံရေးသည် အဓိကအရေးကြီးပြီး ဧည့်ခံကျွေးမွေးမည့် ကဏ္ဍများတွင် ကျန်းမာရေးအသိပညာဖြင့် ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

# အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဗြိတိန်နိုင်ငံ TESCO Plc ဥက္ကဋ္ဌ ဆာရစ်ချဒ် ဘရော့ဘန့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် TESCO ကုမ္ပဏီမှ ကမ္ဘာ့နိုင်ငံအများအပြား၌ ဆောင်ရွက်လျက်ရှိသည့် အထွေထွေရောင်းဝယ်ရေးလုပ်ငန်းကွင်းဆက်များတွင် မြန်မာနိုင်ငံအသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ပစ္စည်းများ ဈေးကွက်တင်နိုင်ရေး၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ လူသုံးကုန်ပစ္စည်းများ ရောင်းချနိုင်မည့် လက်လီဈေးကွက်များ ဖန်တီးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တွင် ရှန်းရင်းဆန့်ခတ်မှုများ ဆက်လက်ဖြစ်ပွားသဖြင့် တာဝန်ရှိသူများနှင့် လုံခြုံရေးအဖွဲ့က နယ်မြေထိန်းသိမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

ဇူလိုင် ၂ ရက် ညပိုင်းမှ ဇူလိုင် ၃ ရက် နံနက်ပိုင်းအထိ မန္တလေးမြို့တွင် ရှန်းရင်းဆန့်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသဖြင့် တာဝန်ရှိသူများနှင့် လုံခြုံရေးအဖွဲ့က နယ်မြေထိန်းသိမ်းဆောင်ရွက်လျက် ရှိကြောင်း သတင်းများအရ သိရသည်။

ဇူလိုင် ၂ ရက် ည ၁၁ နာရီခန့်တွင် မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ၇၄ လမ်းနှင့် ၇၅ လမ်းကြားရှိ ကွမ်းယာဆိုင်တွင် ကွမ်းယာဝယ်ယူနေသူများအား လူအုပ်စုတစ်စုက ဝိုင်းဝန်းရိုက်နှက်ခဲ့ကြသဖြင့် အမျိုးသား ခုနစ်ဦး ဒဏ်ရာ ရရှိခဲ့ပြီး မန္တလေးဆေးရုံကြီး ပြင်ပလူနာဌာနသို့ တင်ပို့ကုသပေးလျက်ရှိကာ လုံခြုံရေးတပ်ဖွဲ့က နယ်မြေထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်းနှင့် မဟာအောင်မြေမြို့နယ်ရဲစခန်းတွင် အမှုဖွင့်လှစ်ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ည ၁၁ နာရီခွဲခန့်တွင် ၂၆ လမ်း၊ ၈၉ လမ်းနှင့် လမ်း ၉၀ ကြားရှိ ချမ်းအေးသာစံမြို့နယ် နယ်မြေရဲစခန်းဝင်းအတွင်းသို့ လူအင်အား ၅၀ ခန့်က ခဲများဖြင့် ပစ်ပေါက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့က သွားရောက်ထိန်းသိမ်းခဲ့သဖြင့် လူအုပ်စုမှာ ငါးမိနစ်ခန့်အကြာတွင် ထွက်ခွာသွားခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်မှ ခဲဖြင့်ပစ်ပေါက်သည်ဟု သံသယရှိသူ လေးဦးအား အမှတ်(၆) နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ဆိုင်ကယ်စီး အမျိုးသားခြောက်ဦးက ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း နှင့် ၂၇ လမ်းကြား၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြားရှိ ဘာသာရေးအဆောက်အအုံအတွင်း မီးချောင်းနှစ်ချောင်းအား လေသေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၃ ရက် နံနက် ၀၀ နာရီ မိနစ် ၂၀ ခန့်တွင် ၈၃ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းအကြား၌ ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးအား လူအုပ်စုက ဓားဖြင့် ခုတ်သဖြင့် တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ လူအုပ်စုက ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးထံမှ လက်ကိုင်ဖုန်း သုံးလုံး၊ ဆိုင်ကယ်တစ်စီးနှင့် ပိုက်ဆံအိတ်တို့ကို ယူဆောင်သွားသဖြင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ၃၄ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားတွင် ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာသူ ငါးဦးအား လူ ၅၀ ခန့်က ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား မန္တလေးဆေးရုံကြီး ပြင်ပလူနာဌာနသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် လူအင်အား ၅၀ ခန့်က ချမ်းအေးသာစံမြို့နယ် လမ်း ၉၀၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ သုံးခန်းတွဲဆိုင်ခန်းအား ဝင်ရောက်ဖျက်ဆီးပြီး မီးရှို့ခဲ့သဖြင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

နံနက် ၄ နာရီ ၁၀ မိနစ်ခန့်တွင် ၂၉ လမ်းနှင့် ၈၃ လမ်းထောင့်တွင် လူတစ်ဦးအား လူအုပ်စုက ဝိုင်းဝန်းရိုက်နှက်ခဲ့မှုကြောင့် သေဆုံးသွားခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် ရဲစခန်းမှူးက တရားခံဖော်ထုတ်ဖမ်းဆီးရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

နံနက် ၄ နာရီ ၄၅ မိနစ်တွင်လည်း ၃၅ လမ်းနှင့် ၈၇ လမ်းထောင့်တွင် လက်ဖက်ရည်ဆိုင် ထိုင်နေသူတစ်ဦးအား လူငယ် သုံးဦးက ဓားနှင့် တုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် ဒဏ်ရာရရှိပြီး မန္တလေးဆေးရုံကြီး အရေးပေါ်ဌာနတွင် ဆေးဝါးကုသပေးလျက်ရှိကြောင်း၊ ရှန်းရင်းဆန့်ခတ်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**○ မန္တလေးမှ**

(ခ) လမ်းများပေါ်တွင် အတားအဆီးပြုလုပ်ပိတ်ဆို့ခြင်း၊ လူစုလူဝေးဖြင့် ပိတ်ဆို့ခြင်း မည်သူမျှ မပြုလုပ်ရ၊

(ဂ) လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကို မည်သည့်နည်းနှင့်မျှ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မည်သူမျှမပြုလုပ်ရ၊

၂။ ဤတားမြစ်အမိန့်ကို မလိုက်နာသူများအား လုံခြုံရေးတာဝန်ထမ်းဆောင်သူတို့က အင်အားသုံးဖမ်းဆီး၍ တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းခံရမည်။

၃။ ဤအမိန့်သည် ၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ ည ၉ နာရီအချိန်မှစ၍ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အာဏာသက်ရောက်စေရမည်ဟု ဆင့်ဆိုပြီး ရုံးတံဆိပ်ခတ်နှိပ်လျက် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

**ဝင်းဇော်နိုင်**
**အုပ်ချုပ်ရေးမှူး**
**မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉)တွင်ဖော်ပြပါရှိသည့် ကျောက်စိမ်းအတွဲပေါင်း ၁၂၀၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသတင်းတွင် ဖော်ပြပါရှိသည့် ကျောက်စိမ်းအတွဲ အမှတ် ၆၀၀၁ မှ ၇၂၀၀ ထိ(အစား) ကျောက်စိမ်းအတွဲ ၆၀၀၁ မှ ၇၁၆၀ ထိဟုလည်းကောင်း၊ သတင်းပါ ကျောက်စိမ်းအတွဲပေါင်း ၁၂၀၀ (အစား) ၁၁၆၀ ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

# လူစုလူဝေးဖြင့် ရှန်းရင်းဆန့်ခတ်ဖြစ်ပွားမှု မန္တလေးမြို့ အချို့နေရာများတွင် ထပ်မံဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၃**

ဇူလိုင် ၁ ရက်မှ စတင်၍ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် လူစုလူဝေးဖြင့် ရှန်းရင်းဆန့်ခတ်ဖြစ်ပွားမှုကြောင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လုံခြုံရေးပူးပေါင်းအဖွဲ့များဖြင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သော်လည်း ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် မန္တလေးမြို့ အချို့နေရာများတွင် ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များမှာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်း ဇူလိုင် ၂ ရက် ည ၁၁ နာရီတွင် ၃၅ လမ်း၊ ၇၄ လမ်းနှင့် ၇၅ လမ်းကြားတွင်လည်းကောင်း၊ ည ၁၁ နာရီခွဲတွင် ၂၆ လမ်း၊ ၈၉ လမ်းနှင့် လမ်း ၉၀ အကြားတွင်လည်းကောင်း၊ ည ၁၁ နာရီ ၄၅ မိနစ်တွင် ၂၆ လမ်း နှင့် ၂၇ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြားတွင်လည်းကောင်း သုံးကြိမ်ဖြစ်ပွားခဲ့ပြီး ဇူလိုင် ၃ ရက် နံနက် ၀၀ နာရီ မိနစ် ၂၀ တွင် ၈၃ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားတွင် လည်းကောင်း၊ နံနက် ၀၀ နာရီ မိနစ် ၃၀ တွင် ၃၄ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားတွင် လည်းကောင်း၊ နံနက် ၁ နာရီ မိနစ် ၄၀ တွင် ဒေးဝန်းရပ်ကွက် ဆိုင်ခန်းများတွင်လည်းကောင်း၊ နံနက် ၄ နာရီ ၁၀ မိနစ်တွင် ၂၉ လမ်းနှင့် ၈၃ လမ်းထောင့်တွင်လည်းကောင်း၊ ၄ နာရီ ၄၅ မိနစ်တွင် ၃၅ လမ်းနှင့် ၈၇ လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင်လည်းကောင်း ငါးကြိမ် ဖြစ်ပွားခဲ့သဖြင့် လူစုလူဝေးဖြင့် ရှန်းရင်းဆန့်ခတ်မှု စုစုပေါင်း ရှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်များတွင် ဆူပူအကြမ်းဖက်လိုသူများက စတိုးဆိုင်၊ အထည်ဆိုင်၊ ကုန်စုံဆိုင် စသည်တို့၏ တံခါးများကို ရိုက်ချိုးဖျက်ဆီးခြင်း၊ ပလတ်စတစ်လုံးများ လုံး၍ မီးရှို့ခြင်းတို့ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသည်။ ရှန်းရင်းဆန့်ခတ်မှုများနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် နယ်မြေလုံခြုံရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့က လုံခြုံရေးအဖွဲ့များ ဖြန့်ခွဲ၍ လုံခြုံရေးဆောင်ရွက်ပြီး ပူးပေါင်းအဖွဲ့များဖြင့် ထိန်းသိမ်းပေးလျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်များကြောင့် သေဆုံးသူ နှစ်ဦး၊ ဒဏ်ရာရရှိသူ ၁၄ ဦး၊ ဖမ်းဆီးရမိသူ လေးဦးရှိကြောင်းနှင့် ပြဿနာများ ထပ်မံမဖြစ်ပွားစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့များက ထိန်းသိမ်းစောင့်ကြည့်လျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား သက်ဆိုင်ရာ မြို့မရဲစခန်းများတွင် အမှုဖွင့်လှစ်၍ တရားခံများ ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်ပြီး အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန် သတင်းများထုတ်ပြန်ပေးသွားမည်

**မန္တလေး ဇူလိုင် ၃**

မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ယခုဖြစ်ပေါ်လျက်ရှိသောဖြစ်စဉ်များ ဆက်လက်ပြန့်ပွားလာမှု မဖြစ်စေရေးအတွက် လုံခြုံရေးအင်အားများ၊ ရပ်ကွက်၊ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် ရပ်မိ ရပ်ဖများ ပေါင်းစပ်၍ ဆောင်ရွက်လျက် ရှိပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင် ပထမဦးစားပေးအနေဖြင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းတွင်ဖြစ်စဉ်များ၌ ပါဝင်ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးမည်ဖြစ်ကြောင်း၊ တတိယအဆင့်တွင် ကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုအခါ ဆူပူမှုဖြစ်ပွားစေရန် လှုံ့ဆော်သည်ဟု သံသယရှိသူလေးဦးကို ဖမ်းဆီးရမိထားကြောင်း၊ ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်ပြီး ပြည်သူလူထု အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် သတင်းများထုတ်ပြန်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မီဒီယာများအနေဖြင့်လည်း သတင်းအမှန်များကို ထုတ်ပြန်ပေးပါရန်နှင့် သတင်းအရင်းအမြစ် မခိုင်မာပါက မေးမြန်းအတည်ပြုနိုင်ရန် ဆောင်ရွက်ထားပါကြောင်း၊ တစ်ဆင့်ခံသိရှိရသော သတင်းများ လွဲမှားမှုရှိနိုင်သဖြင့် မီဒီယာများမှ တည်ငြိမ်အေးချမ်းရေးကို ဦးတည်ပြီး ဆောင်ရွက်ပေးရန် မန္တလေးမြို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့ဘဝလုံခြုံရေးကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့က သက်ဆိုင်ရာဘာသာအလိုက် တာဝန်ရှိသူများက ၎င်းတို့အနေဖြင့် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းတွေ့ဆုံပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် မီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။

အလားတူ နံနက် ၁၀ နာရီကလည်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတို့က ပြည်တွင်း ပြည်ပ သတင်းမီဒီယာသမားများကို ဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**❒ သထုံမှ**

အတော်များများဝယ်ကုန်တယ်။ အထွက်နှုန်းက ကောင်းလို့သာ အဆင်ပြေတာ၊ ဈေးကတော့ မနှစ်ကနဲ့ သိပ်မကွာပါဘူး၊ အကြီးဆုံးအရွယ်က ၁၀၀ ကျပ် လောက်ရပြီး အသေးဆုံးက ၃၀ ကျပ် လောက်ရပါတယ်။ အများအားဖြင့်တော့ ရန်ကုန် သီရိမင်္ဂလာဈေးက ပွဲရုံတွေကိုပို့တာပါ"ဟု မင်းကွတ်ခြံနှစ်ချပ်အသီးဝယ်ယူရောင်းချသူ ကိုတင်ထွတ်က ဆိုသည်။ ရာသီပေါ် ဒေသသီးနှံဖြစ်သော မင်းကွတ်သီးမှာ ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်သောကြောင့် လူကြိုက်များပြီး အရောင်းအဝယ်လိုက်သော အသီးအနှံဖြစ်ကြောင်း၊ နှစ်ရှည်သီးနှံမျိုးဖြစ်သောကြောင့် နှစ်စဉ်ဝင်ငွေရရှိပြီး စိုက်ပျိုးရန်သင့်တော်သော သီးနှံဖြစ်ကြောင်း ၎င်းက ပြောသည်။ သထုံမြို့နယ်တွင် မင်းကွတ်ပင်များကို တောင်ကြား၊ ဝင်းပ၊ နောင်ဘို ကျေးရွာများတွင်အများအားဖြင့် စိုက်ပျိုးကြပြီး ယင်းတို့အနက် တောင်ကြားကျေးရွာတွင် စိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# တရားမဝင်တင်သွင်းလာသည့် ဇိမ်ခံကားမျိုးစုံ ၃၄ စီးဖမ်းမိ

**မော်လမြိုင် ဇူလိုင် ၃**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး မျိုးဆွေဝင်း ဦးဆောင်သောတပ်ဖွဲ့များနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် မေ ၂၇ ရက်မှ ဇူလိုင် ၂ ရက်အထိ မြို့၏ လမ်းဆုံလမ်းခွများတွင်လည်းကောင်း၊ မော်လမြိုင်မှ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးအထွက် လမ်းဆုံလမ်းခွများတွင်လည်းကောင်း တရားမဝင်တင်သွင်းလာသည့် ဇိမ်ခံကားမျိုးစုံ ၃၄ စီးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရသည့်ကားများအနက် ပိုင်ရှင်အမျိုးသမီးတစ်ဦး၊ အမျိုးသား ၁၉ ဦးတို့အား ဥပဒေအရ အရေးယူထားပြီး ကျန် ၁၄ စီးအား ပိုင်ရှင်မဲ့အဖြစ် အရေးယူထားပြီးပိုင်ရှင်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဖမ်းဆီးရမိသည့်ဇိမ်ခံကားမျိုးစုံသည် ဖြတ်သန်းလာသည့် လမ်းကြောင်းများတွင် ယာဉ်နံပါတ်နေ့တစ်မျိုး ညတစ်မျိုး တပ်ဆင်ကာမောင်းနှင်၍ မတော်တဆယာဉ်တိုက်မှုများဖြစ်ပွားပြီး တိမ်းရှောင်မှုအများဆုံးဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

(၁၀၇)

# သစ်ကိုင်းခုတ်ရာမှ ဓာတ်လိုက်သေဆုံး



**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်တွင် လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်သော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရာမှ ဓာတ်လိုက်သေဆုံးသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇူလိုင် ၂ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် (၂)လမ်း၊ လမ်းသွယ်(၁) နှင့် အောင်မေတ္တာလမ်းထောင့်ရှိ အိမ်ရှင် ဦးတင်ထွန်းမှ အိမ်ပေါ်ရှိ ဗာဒံပင်သစ်ကိုင်းများမှာ ဓာတ်ကြိုးများဖြင့် ထိနေသဖြင့် အလုပ်သမားဖြစ်သူ မြို့သစ်(၄) လမ်းနေ မောင်ဇော်မင်းထွန်း(ခ)မရကအား ခေါ်ယူ၍ ဓာတ်ကြိုးနှင့်မလွတ်သော ဗာဒံကိုင်းများ ခုတ်ခိုင်းရာမှဓာတ်လိုက်၍ အိမ်ပေါ်ရှိ အိမ်မိုးသွပ်ပြားပေါ်သို့ ပြုတ်ကျသွားကာ အနီးရှိတွေ့မြင်သူတို့မှ ပွေ့ချီခေါ်ယူပြီး အင်းစိန်ဆေးရုံကြီးသို့တင်ပို့ရာ ဆေးရုံအရောက်တွင် သေဆုံးသွားကြောင်း သိရသည်။

**ညီညီ(သမိုင်း)**

# ကောက်စိုက်သမ ငါးဦး မိုးကြိုးပစ်ခံရ၍ နှစ်ဦးသေဆုံး

**သာယာဝတီ ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ချောင်းသုံးခွကျေးရွာအနီးရှိ လယ်ကွင်းအတွင်း မမိခိုင်(ခ) ခိုင်ခင်ဦး (၃၀)နှစ် သဲဖြူကျေးရွာ သာယာဝတီမြို့နယ်နေသူနှင့် တစ်ရွာတည်းနေ ဒေါ်သန်းသန်းစိန် သပြေကုန်းကျေးရွာ မင်းလှမြို့နယ်နေသူတို့ပါ ငါးဦးသည် ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ကောက်စိုက်နေစဉ် မိုးကြိုးပစ်ချခံရသဖြင့် မမိခိုင်(ခ) ခိုင်ခင်ဦးတွင် ဦးခေါင်းနောက်စေ့ ပွင့်ထွက်ဒဏ်ရာဖြင့်လည်းကောင်း၊ မသန်းသန်းစိန်တွင် ဝဲနားထင် မီးလောင်ဒဏ်ရာဖြင့်လည်းကောင်း နေရာတွင်သေဆုံးခဲ့ကြပြီး မသင်းသင်းခိုင်တွင် ယာခြေအောက်ပိုင်းညိုမည်းဒဏ်ရာ(မစိုးရိမ်ရ)နှင့် ကျန်နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အင်းစိန်မြို့နယ် ရွာမအရှေ့တွင် ကြိုးဆွဲချသေဆုံး

**ရန်ကုန် ဇူလိုင် ၃**

ဇွန် ၂၉ ရက် ညနေ ၄ နာရီတွင် အင်းစိန်မြို့နယ် ရွာမအရှေ့ ရပ်ကွက် အောင်သိဒ္ဓိကျောင်းလမ်းနေ ဇော်မိုးလွင်(၃၃)နှစ်သည် နေအိမ်မီးဖိုချောင်၌ ပုဆိုးစကြိုးဖြင့် လည်ပင်းတွင် ချည်နှောင်ကာ သေဆုံးနေကြောင်း အဖိုးဖြစ်သူ ဦးကျော်စိုးလင်းမှ သိရှိရ၍ ရာအိမ်မှူး ဦးလှစိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အား သတင်းပေးပို့ရာ အင်းစိန်မြို့မရဲစခန်းမှ သေမှုသေခင်းဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၆၈၄)**

# ကော့သောင်းမှ မြိတ်မြို့သို့ ထွက်ခွာလာသည့် ကုန်တင်စက်လှေ ကျွန်းစုမြို့အနီး၌ ကျောက်ဆောင်နှင့်တိုက်မိပြီး နစ်မြုပ်

**ကျွန်းစု ဇူလိုင် ၃**

မြိတ်ခရိုင် ကျွန်းစုမြို့နယ်အနီးရှိ ဝဲကျွန်းကျေးရွာနှင့် ကျောက်ပုံကျွန်းအကြား၌ ဇွန် ၃၀ ရက် ည ၁ နာရီခွဲတွင် ကော့သောင်းမြို့မှ မြိတ်မြို့သို့ မောင်းနှင်ထွက်ခွာလာသည့် စည်သူအောင်အမည်ရှိ ကုန်တင်စက်လှေတစ်စင်း ကျောက်ဆောင်နှင့် တိုက်မိပြီး နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲ့နင်း ဦးသန်းထွန်း မောင်းနှင်လာပြီး လှေသား ၁၁ ဦး လိုက်ပါလာသည့် သိုက်ရွှေပြည်ကုမ္ပဏီ၏ သွင်းကုန်လိုင်စင်ဖြင့် ထိုင်းနိုင်ငံရနောင်းမြို့မှ တင်သွင်းလာသည့် ဆင်တံဆိပ်ဘိလပ်မြေ အိတ် ၂၀၀၀၊ ဓာတ်မြေသြဇာ အိတ် ၁၀၀၀၊ အချိုရည် ပါကင် ၅၀၀၊ ကြာဆံပါကင် ၃၀၀၊ မုန့်ပါကင် ၁၅၀၊ ကြိုးကီလို ၈၀၀၊ ပလတ်စတစ်ရေပုံး (2Gl ဝင်ပုံး) ကီလို ၅၀၀၊ Food Carrier ကီလို ၁၀၀၊ ရေထည့်ပုံး သုံးလုံး တင်ဆောင်ကာကော့သောင်းမြို့မှ မြိတ်မြို့သို့မောင်းနှင်လာစဉ် ကျွန်းစုမြို့အနီး ဝဲကျွန်းကျေးရွာနှင့် ကျောက်ပုံကျွန်းအကြားတွင် ကျောက်ဆောင်နှင့် တိုက်မိ၍ စက်လှေခါးကျိုးကာ နစ်မြုပ်သွားခဲ့သည်။

စက်လှေနစ်မြုပ်စဉ် အနီးဝန်းကျင်ရှိ ငါးဖမ်းလှေငယ်များက သွားရောက်ကူညီကယ်ဆယ်ခဲ့သဖြင့် ပဲ့နင်း ဦးသန်းထွန်းနှင့် လှေပေါ်ပါလှေသားအားလုံးကို ကယ်ဆယ်နိုင်ခဲ့ပြီး လှေပေါ်ပါပစ္စည်းများအနက် ဆင်တံဆိပ်ဘိလပ်မြေ အိတ် ၁၇၅၀ ပျက်စီးဆုံးရှုံးသွားခဲ့သည်။

နစ်မြုပ်သွားသောကုန်လှေအား မြိတ်မြို့မှ သံခွံလှေတစ်စင်းနှင့် သံဘောတစ်ခုကို အသုံးပြု၍ ဆယ်ယူရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(ခရိုင်/ပြန်ဆက်)**






မြန်မာစာပေသမိုင်းတွင် အောင်မြင်ကျော်ကြားခဲ့သူ ကမ္ဘာကျော်ဂန္ထဝင်မြောက်ဖြစ်သော "မဲခေါင်မြစ်မှအိုရွက်ဝါ"ကဗျာရှည်ကြီးကို ရေးဖွဲ့သီကုံးခဲ့သူ ၂-၁၀-၂၀၀၉ ရက် အသက်(၇၉)နှစ်အရွယ်တွင် အသည်းကင်ဆာရောဂါဝေဒနာဖြင့် ကွယ်လွန်ခဲ့သော စာပေပါရဂူ ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူ၏မူရင်းစာမျက်နှာ(၁၆၀၀)ခန့်ထိရှိသော "စီးဆင်းရစ်လေဦး ဧရာဝတီ"(ဒုတိယအကြိမ်) အား မကြာမီ ပရိသတ်ထံပါးသို့ ဩဂုတ်လပထမအပတ်တွင် အရောက်ပေးပို့နိုင်တော့မည်။

ကျန်ရစ်သူဇနီး ဒေါ်လှရင်နှင့်သား ရဲရင့်စစ်သူ B.A.,M.A.,(Myanmar), Ph.D(Thesis) Buddhismတို့၏ အားထုတ်ကြိုးပမ်းမှု မြန်မာစာပေသမိုင်းတွင် အစဉ်အလာကြီးမားကြသော စာပေပညာရှင်ကြီးများဖြစ်ကြသည့်-

ဆရာကြီး-သိန်းဖေမြင့်၊ မောင်ထင်၊ စောဦး၊ သော်တာဆွေ၊ ဌေးမောင်၊ ဝင်းတင်(ဟံသာဝတီ)၊ တက္ကသိုလ်ဘုန်းနိုင်၊ နတ်နွယ်၊ မောင်နေဝင်း၊ မောင်ကျော်သာ၊ မောင်မိုးသူ၊ ကျော်အောင်၊ မောင်ဆွေတင့်၊ မောင်မြင့်မြတ်၊ မင်းကျော်၊ မောင်သိန်းဆိုင်၊ တက္ကသိုလ်စိန်တင်၊ တက္ကသိုလ်ခင်မောင်အေး၊ အထောက်တော်လှအောင်၊ ပုသိမ်လှမိုး၊ မြတ်ထန်၊ တင်မြင့်အောင်၊ပေါင်းတည် ဘုန်းကြည်၊ ပျဉ်းမနားမြင့်လှိုင်၊ မြသိန်း၊ ရဲဟိန်း၊ ရဲမြဝင်း၊ ထီလာ စိုးမြင့်ထယ်၊ ရန်အောင်မောင်မောင်၊ စိန်ဂွန်းမောင်ကိုကို၊ အောင်ကျည်ထွန်း၊ ဆရာမကြီး-ဂျာနယ်ကျော်မမလေး၊ ကြွယ်ကြွယ်အစရှိသည့် ပုဂ္ဂိုလ်ကြီး(၃၃)ဦး၏ ဂန္ထဝင်မြောက်ဝတ္ထုရှည်ကြီးအပေါ် သုံးသပ်ချက်များပါရှိသော အဖိုးထိုက်တန်သည့် တိုင်းပြည်၏ သမိုင်းကြောင်းအချက်အလက်များနှင့် ပြည့်စုံသော စစ်မှတ်တမ်းဝတ္ထုရှည်ကြီးတစ်အုပ်။

မြန်မာစာဌာနမှူး(ငြိမ်း)ပါမောက္ခဒေါက်တာ ဒေါ်ခင်သန်းဦး(စာရေးဆရာမကြီးမမိုးမြေ)၏ အမှာစာဖြည့်စွက်မှုနှင့်အတူ ဆရာကြီး၏ အသည်းကင်ဆာရောဂါဝေဒနာခံစားနေရချိန်အတွင်း တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးပြုစာပေများကို ရေးစပ်သီကုံးသွားခဲ့မှုအပေါ် သားဖြစ်သူရဲရင့်စစ်သူ၏ ဖြည့်စွက်တင်ပြချက်များ။

ဤစာအုပ်ကို ဝယ်ယူ၍ ဖတ်ရှုခံစားပါ။ သင်၏စာကြည့်တိုက်တွင် ကမ္ဘာကျော်စာအုပ်ကို ဖြည့်ဆည်းသိမ်းဆည်းထားပါ။ သားစဉ် မြေးဆက် ပေးဝေငှပါ။

စာပေဗိမာန်အရောင်းဆိုင်တွင် ဩဂုတ်လပထမပတ်မှစတင်၍ ဝယ်ယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။


# အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းတွင် ယာဉ်တစ်စီးတိမ်းမှောက်

**ကလေး ဇူလိုင် ၃**

အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သော ကလေး-တမူးလမ်းမကြီးပေါ်တွင် ဇွန် ၂၇ ရက်က Light Truck ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ကားပေါ်ပါရှိသူ ၂၃ ဦးလုံးဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်မှာ ကလေး-တမူးကားလမ်းနေ ကျော်ကြီးကုန်းထိပ်အရောက်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ စခန်းကြီးရဲကင်းစခန်းရှိ ရဲအုပ်ဆန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရာဇဗြိုဟ်ကျေးရွာနေ ဇော်မြင့်ဝင်း မောင်းနှင်သည့် Light Truck ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားသဖြင့် ကားပေါ်ပါ ၂၃ ဦးမှာ ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့်ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း ဇော်မြင့်ဝင်းအား အရေးယူထားကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**


# (၂၄)နှစ်ပြည့်မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ ဒုတိယဗိုလ်မှူးကြီး ထိန်ဝင်း(ငြိမ်း)နှင့် ချစ်သောမေမေ ဒေါ်နိုင်ဇင်ယုတို့၏ ၄-၇-၂၀၁၄ ရက်တွင် ကျရောက်သော (၂၄)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သမီးများနှင့်အတူ ပျော်ရွှင် ကျန်းမာစွာ ဖြတ်သန်းနိုင်ပါစေ ဆုမွန်ကောင်းတောင်းလျက်----

ချစ်သမီးကြီး - မမေဖူးငုံ(ဧရာဝတီဘဏ်၊ ဗိုလ်အောင်ကျော်)

ချစ်သမီးငယ် - မမေဖူးသုံ

## ဝန်ထမ်းအလိုရှိသည်

AGTI Mechanical (၃)ဦး

AGTI Electrical (၁)ဦး

ဆက်သွယ်ရန်

ဖုန်း-၀၉-၅၀၀၁၃၄၆






# ကျောက်ပန်းတောင်းမြို့နယ်တွင်ကွန်ကရစ်ဓာတ်တိုင် အသစ်များရပ်ကွက်အလိုက် လဲလှယ်လျက်ရှိ



**ကျောက်ပန်းတောင်း၊ ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းအနေဖြင့် မြို့နယ်ရပ်မိရပ်ဖများနှင့် အလှူရှင်ပြည်သူများ ပူးပေါင်းပါဝင်သော ပြည်သူ့ဟိုပြု လျှပ်စစ်လုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်အလိုက်၊ လမ်းအလိုက် ရပ်မိရပ်ဖများမှ ဦးဆောင်၍ ကိုယ်အားကိုယ်ကိုး ကွန်ကရစ်ဓာတ်တိုင်အသစ်လဲလှယ်ခြင်းလုပ်ငန်းကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က ဒီဘူတာလမ်းတစ်လျှောက် လမ်းဆုံအပိုင်းကနေ ဘူတာရုံအထိ ကွန်ကရစ်တိုင်အသစ် ၁၅ လုံး လဲလှယ်သွားမှာပါ။ ဒီလိုလဲလှယ်တဲ့နေရာမှာလည်း ဘယ်အိမ်ကတော့ ဘယ်လောက်ပေးရမယ်။ ဘယ်သူက ဘာလုပ်ငန်းလုပ်လို့ ဘယ်လောက်ထည့်ပါလို့ လုံးဝမသတ်မှတ်ပါဘူး။ ကိုယ်သင့်တော်မယ်ထင်သလောက်ပဲ ထည့်စေပါတယ်။ သဒ္ဓါကြေးပါ။ ရှေ့မှာလက်တွေ့လုပ်နေတာဆိုတော့လည်း အားလုံးလိုလိုကလှိုက်လှိုက်လှဲလှဲပဲ ပူးပေါင်းပါဝင်ကြပါတယ်။ အခုဆို အလှူငွေ ၂၅ သိန်းကျော်ရနေပါပြီ" ဟု ဘူတာလမ်းအပိုင်းလုပ်ငန်းမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ပွဲစားဦးကြည်ဝင်းက ပြောသည်။

ကျောက်ပန်းတောင်းမြို့တွင် အဆိုပါ ကွန်ကရစ်ဓာတ်တိုင်အသစ်များ လဲလှယ်ခြင်းလုပ်ငန်းကို ရပ်ကွက်အလိုက် ရပ်မိရပ်ဖများ၏ဦးဆောင်မှုဖြင့် ကိုယ်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိရာ ဘူတာရပ်ကွက်တွင် ကွန်ကရစ်တိုင် ၁၅ တိုင်၊ သာယာအေးရပ်ကွက်တွင် ၂၀ တိုင်၊ သီရိမင်္ဂလာရပ်ကွက်တွင် ၄၀ တိုင် စုစုပေါင်း ကွန်ကရစ်ဓာတ်တိုင်အသစ် ၇၅ တိုင် စိုက်ထူလဲလှယ်သွားမည်ဖြစ်ရာ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးပြီး၊ ကွန်တိန်နာများနှင့် ယန္တယားတင်ယာဉ်များလည်း လမ်းဖြတ်သွယ်တန်းကြိုးများဖြင့် လွတ်ကင်း၍ အန္တရာယ်ကင်းစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကိုယ်အားကိုယ်ကိုးကွန်ကရစ်ဓာတ်တိုင်အသစ်လဲလှယ်ခြင်းလုပ်ငန်းတွင် အရှည်ကိုးမီတာရှည်သောတိုင်များကို ဘူတာလမ်းဆုံမှ ဘူတာရုံအထိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်သူနိုင်နှင့် ဝန်ထမ်းများက ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ရန်ကုန်တွင် အမှိုက်စနစ်တကျစွန့်ပစ်ရေးဟောပြော

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ရန်ကုန်မြို့တော်တစ်ခွင်ရှိ ထက်၊ လယ်၊ မူအခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အမှိုက်စနစ်တကျစွန့်ပစ်မှုအလေ့အထကောင်းများရရှိစေရန် ဟောပြောပွဲများ ပြုလုပ်နေကြောင်းသိရသည်။

ဇူလိုင် ၁ ရက် နံနက်က ဗဟန်းမြို့နယ် အ. လ. က(၃) တွင် ဒုတိယဌာနမှူး ဦးလှဝင်းအောင်၊ လက်ထောက်ဌာနမှူး ဒေါက်တာခင်နှင်းအေး အနောက်ပိုင်းခရိုင်မှူး ဦးရန်ငြိမ်းချမ်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုတို့ ပူးပေါင်းဆောင်ရွက်ကာ ကျောင်းသား၊ ကျောင်းသူ ၂၇၅ ဦးအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ငယ်ရွယ်စဉ်အခါမှစ၍ မည်သည့်အလုပ်တွင်မဆို စည်းကမ်းစနစ်တကျရှိစေရေး အခြေခံကောင်းများရရှိစေရန် ကျောင်းများတွင် ယခုကဲ့သို့ဟောပြောပွဲများ လာရောက်ပြုလုပ်ပေးသောကြောင့် ဌာနဆိုင်ရာလူကြီးများကို ကျေးဇူးတင်ကြောင်း ကျောင်းသား၊ ကျောင်းသူမိဘများကိုယ်စား ကျောင်းအုပ်ဆရာမကြီးက ပြောကြားသည်။

**(၁၉၇)**

## ၁၆ မိုင် စစ်ဆေးရေးဂိတ်တွင် ကျောက်စိမ်းများဖမ်းမိ

**မန္တလေး၊ ဇူလိုင် ၂**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ကျောက်ချော ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇွန်၂၇ ရက် ညနေ ၅ နာရီခွဲက အကောက်ခွန်မှူး ဦးဇော်ထိုက်၊ တာဝန်ကျရဲတပ်ဖွဲ့နှင့် မူးယစ်အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးဘက်မှ ပြင်ဦးလွင်ဘက်သို့ ကိုကိုဦး ၄၂ နှစ် အမှတ်(၇) ပြင်ဦးလွင်မြို့နေသူ မောင်းနှင်သည့် ရွှေမန်းလွင်ယာဉ်လိုင်းမှ Toyota Corolla ဘင် အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားမပါဘဲ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများ၏ အလေးချိန်၊ တန်ဖိုး(စိစစ်ဆဲ) အားရှာဖွေတွေ့ရှိ၍ စစ်မေးရာ ပိုင်ရှင်မှာ ယာဉ်ပေါ်တွင်လိုက်ပါလာသူ ဘဟိန်း ၅၇ နှစ် ညဏ်တောရပ်၊ ရပ်ကွက်ကြီး(၂) ပြင်ဦးလွင်မြို့နေသူဖြစ်ကြောင်း သိရသဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကိုကိုဦးနှင့် ဘဟိန်းတို့အား အုန်းချောနယ်မြေရဲစခန်းက (ပ)၁၅၆/၂၀၁၄ ကျောက်မျက်ပုဒ်မ ၄၂ (က) အရ အမှုဖွင့်အရေးယူထားသည်။

**မောင်ပြည်သူ(မန္တလေး)**

## ကျန်းမာရေးအတွက်ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ကျောက်ထု ဇူလိုင် ၂**

ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဒေါက်တာနေလင်းနှင့်အဖွဲ့သည် ဇွန် ၂၉ ရက်နံနက်က ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်(ခွဲ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသစီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများတို့နှင့် တွေ့ဆုံ၍ ကျောက်ထုဒေသ ကျန်းမာရေးအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းကြသည်။ ထိုသို့တွေ့ဆုံရာတွင် ကျောက်ထုမြို့ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦးများ ပြန်လည်ဖြည့်ဆည်းဆောက်လုပ်နိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြကာ ကျောက်ထုမြို့ တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးသွားကြောင်း သိရသည်။

**(၄၆၅)**

## အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းထားသည့် ရွှေအိမ်စည်စာကြည့်တိုက်တွင် ငွေပဒေသာပင် နှင့် စာအုပ်စာစောင်များလှူဒါန်း

**မိတ္ထီလာ ဇူလိုင် ၃**

မိတ္ထီလာခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသည့်မိတ္ထီလာမြို့ ဖောင်ချမ်းကုန်းကျေးရွာ ရွှေအိမ်စည်စာကြည့်တိုက်ခုနစ်နှစ်မြောက် နှစ်ပတ် လည်နေ့အခမ်းအနား ကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီကဂင်းစာကြည့်တိုက်တွင် ကျင်းပရာ အလှူရှင်များမှငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ လှူဒါန်းကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးမြင့်အေးက စာဖတ်ခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဟောပြောသည်။

၎င်းနောက် စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို စာကြည့်တိုက်ကော်မတီဝင်များထံ ခရိုင်အမျိုးသမီးရေးရာဖွဲ့ဥက္ကဋ္ဌမှ ငွေကျပ်ငါးသောင်းနှင့် သုတရသစာအုပ်စာစောင် ၁၀၀ အုပ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်မှငွေကျပ်တစ်သောင်းနှင့် သုတရသစာအုပ်စာစောင် ၅၀အုပ်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးဒေါ်ခင်နှင်းအေးမှ သုတရသစာအုပ်စာစောင် ၁၀၀ အုပ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းမှ ငွေကျပ်တစ်သောင်း၊ ထွေ/အုပ်ဝန်ထမ်းစာရေး ဒေါ်မိုးမိုးမှ ငွေကျပ်ငါးထောင် အသီးသီးပေးအပ်လှူဒါန်းကြသည်။

**ချမ်းသာ(မိတ္ထီလာ)**

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်
Private ... Show Room
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၀၃၅၆၇၈

ကျန်းမာရေးဆောင်းပါး

# အဖြစ်များတဲ့ မိုးရာသီရောဂါ

**à ay|uf&y|uf**



**ဝမ်းပျက်ဝမ်းလျှောရောဂါ**

ယခုလိုမိုးရာသီရောက်တိုင်း နှစ်စဉ်ကူးစက်ပြန့်ပွားနေကျ ရောဂါဆိုးတစ်ခုပါ။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်နှင့်လမ်းများပေါ်က ရေဆိုးရေညစ်များနှင့်အတူ မိုးရေလျှံလာပါတယ်။ အဲဒီနောက် ရေပြန်ကျသွားတဲ့အခါ အညစ်အကြေး အနယ်အနှစ်တွေတင်ကျန်ရစ်ခဲ့ပြီး Vibiro Cholerae (ခေါ်) ဝမ်းရောဂါကူးစက်ရောဂါပိုးမွှား ပေါက်ပွားမှုများပြားလာတဲ့အတွက် ဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်လာရပါတယ်။ ဒ့ါပြင် မိုးရွာ၍ ရေကြီးစဉ် ထိုညစ်ညမ်းသောရေထဲ ဖြတ်လျှောက်သွားပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းကလည်း ရောဂါပိုးကူးစက်ခံရဖို့ သေချာသလောက်ရှိနေပါပြီ။

မသန့်ရှင်းသည့် အစားအစာများ၊ မသန့်ရှင်းသည့် သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ သန့်ရှင်းမှုအားနည်းသည့် လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြုရှောင်ရှားရပါမယ်။ သို့မဟုတ်ပါက နောက်ဆက်တွဲ ပြဿနာများအဖြစ် အစာအိမ်နာခြင်းနှင့် အစာအဆိပ်သင့်ခြင်းအတွက်ပါ စိုးရိမ်ရပါတယ်။ အထူးသဖြင့် ကိုယ်ခံအားနည်းသောရင်ခွင်ပိုက်ကလေးငယ်များ၊ ကျောင်းနေရွယ်ကလေးများနှင့် သက်ကြီးရွယ်အိုတွေအတွက် အသက်အန္တရာယ် စိုးရိမ်ရပါတယ်။ ကမ္ဘာပေါ်တွင် နှစ်စဉ် ဝမ်းရောဂါဖြစ်ပွားသူ သုံးသန်းမှ ငါးသန်းအထိရှိပြီး၊ ၎င်းတို့အနက် တစ်သိန်းကျော်ဟာ ဝမ်းရောဂါကြောင့် သေဆုံးကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာထားပါတယ်။

နာရီပိုင်းအတွင်းမှာပဲ ဆန်ဆေးရေအရောင်ဝမ်းတွေ အဆက်မပြတ်သွားခြင်း (သို့မဟုတ်) တစ်နေ့တည်းမှာပင် ဝမ်းအရည် သုံးကြိမ်နှင့်အထက် ဝမ်းသက်ခြင်း၊ ဝမ်းတွင်သွေးပါခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မှိန်း၍ပျော့ခွေခြင်း၊ အရည်ကောင်းစွာ မသောက်နိုင်ခြင်း (သို့မဟုတ်) ခံတွင်းခြောက်၍ ရေအငမ်းမရ သောက်ပြီးနောက် ထိုရေအတိုင်း ဝမ်းသွားခြင်း၊ ပြန်အန်ထွက်ခြင်း စတဲ့ ရောဂါလက္ခဏာများပြနေပြီဆိုပါက ဓာတ်ဆားရည်များများသောက်၍ နီးစပ်ရာ ဆေးရုံဆေးခန်းသို့ မဆိုင်းဘဲ ပြသင့်ပါတယ်။ အခြားသူများသို့ ဆက်လက်၍ မကူးစက်နိုင်အောင် ဝမ်းသွားပြီးတိုင်း သန့်စင်ခန်း(အိမ်သာ)ကို ရေနိုင်နိုင်လောင်းချသင့်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောခြင်းကို ထိရောက်စွာ ကုသမှု မခံယူဖြစ်ပါက ခန္ဓာကိုယ်ထဲမှာ ရေဓာတ်ဆုံးရှုံး၍ သွေးပေါင်ကျကာ သတိလစ်ပြီး နာရီပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်လို့ မပေါ့ဆသင့်ပါဘူး။

**အအေးမိ၊ နှာစေး၊ ချောင်းဆိုး ရောဂါ**

မိုးရာသီရောက်တိုင်း အရွယ်သုံးပါးမရွေး ကြုံတွေ့ရတဲ့ ကူးစက်ရာသီရောဂါတစ်မျိုးဘဲ ဖြစ်ပါတယ်။ 'အအေးမိ၊ နှာစေး၊ ချောင်းဆိုး ရောဂါအစ မိုးမိခြင်းကစ' လို့ မှတ်သားသင့်ပါတယ်။ ဒါကြောင့် မိုးမိလာတဲ့အခါ ရေစိုအဝတ်များ ချက်ချင်းလဲပါ၊ ဆံပင်စိုများကို ခြောက်သွေ့အောင်လုပ်၍ နွေးနွေးထွေးထွေးဖြစ်သွားအောင် ရေနွေးပူသောက်ပေးပါ။ ရုံး၊ ကျောင်း၊ ဘတ်စ်ကားစတဲ့ လူဦးရေထူထပ်သောနေရာတွေမှာ ကိုယ်ခံအားမကောင်းသူများအဖို့ ကူးစက်ပြန့်ပွားနိုင်ခြေ အလားအလာများပါတယ်။ အအေးမိဖျားနာခြင်းကြောင့် အသက်အန္တရာယ် မစိုးရိမ်ရသော်ငြား၊ အဖျားပျောက်ပြီး ချောင်းတဟွတ်ဟွတ်စွဲကျန်ရစ်ခဲ့ပါတယ်။ တခြားသူများကို ဆက်လက်မကူးစက်အောင် လက်ကို စင်ကြယ်စွာဆေးကြောပါ၊ နှာချေ ချောင်းဆိုးတဲ့အခါမှာလည်း တစ်ခါသုံး တစ်ရှူးသုံး၍ စနစ်တကျစွန့်ပစ်ပါ။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ကလေးများနှင့် သက်ကြီးရွယ်အိုများမှာ ဗိုင်းရပ်စ်ပိုးကူးစက်လွယ်၍ အချိန်မရွေး ဖျားနာတတ်တာကြောင့် အအေးမိတုပ်ကွေး ဖျားနာပျောက်ဆေးများ အိမ်မှာ အသင့်ဆောင်ထားခြင်း၊ ကိုယ်ခံအားကောင်းအောင် ဗီတာမင်စီဆေးပြားများ သောက်ခြင်း၊ ရေများများသောက်ခြင်း၊ သန့်ရှင်းလတ်ဆတ်သော ဟင်းရွက်စိမ်းများစားသုံးခြင်း၊ အရည်ရွှမ်းသော လိမ္မော်သီးစားခြင်း၊ ရုံးသူရုံးသား၊ ကျောင်းသူ၊ ကျောင်းသားများ အနေဖြင့် အဝတ်အစားအပိုဆောင်ထားခြင်း စသည်ဖြင့် ကြိုတင်ကာကွယ်ထားသင့်ပါတယ်။

> ကူးစက်လွယ်ရောဂါတစ်မျိုးဖြစ်တာကြောင့်လည်း လူနာကိုထိတွေ့ကိုင်တွယ်ခြင်း၊ တံတွေး သလိပ်ကို ထိတွေ့မိခြင်း၊ လူနာဆီ . . .

**တုပ်ကွေးရောဂါ**

တုပ်ကွေးရောဂါဟာ အထက်ပါအမှတ်စဉ်တွင် ဖော်ပြခဲ့တဲ့ ရိုးရိုး အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါနှင့် ခပ်ဆင်ဆင်တူပါတယ်။ ဒါကြောင့်လည်း လူအများစုက မိမိအိမ်မှာပင် သာမန်အကိုက်အခဲပျောက်ဆေးလေးတွေ သောက်၍ ရောဂါတော်တော်နှင့် မပျောက်နိုင်ဘဲ ရောဂါပြင်းမှသာ ဆေးရုံဆေးခန်းသို့ ရောက်လာတတ်တာကြောင့် အခန့်မသင့်ရင် အသက်ဆုံးရတဲ့ သာဓကများ တွေ့ရပါတယ်။ တကယ်တော့ တုပ်ကွေးရောဂါဟာ ရိုးရိုးအအေးမိရောဂါထက် ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားတာရှည်ပါတယ်။ ခေါင်းကိုက်၊ ချောင်းဆိုး၊ အင်အားကုန်ခမ်းမောပမ်းခြင်းနှင့် ကိုယ်လက်ကိုက်ခဲခြင်းတို့ဟာ တုပ်ကွေးလက္ခဏာများဖြစ်ပါတယ်။ တုပ်ကွေးရောဂါက အသက်ခြောက်လနှင့်အထက်မှစ၍ ဖြစ်နိုင်တာကြောင့်လည်း ထိုအရွယ်ရင်သွေးငယ်များအတွက် မိုးဦးကျ မတိုင်မီကတည်းက တစ်နှစ်တစ်ကြိမ် တုပ်ကွေးကာကွယ်ဆေး ကြိုတင်ထိုးပေးထားသင့်ပါတယ်။ လူကြီး လူငယ်မရွေး ရောဂါဖြစ်နိုင်ပြီး၊ အကယ်၍ အဆုပ်ရောင်ရောဂါ၊ နားပြည်ယို၊ ထိပ်ကပ်နာနှင့် ရေဓာတ်ခမ်းခြောက်ရောဂါ အခံရှိသူများအဖို့ တုပ်ကွေးရောဂါဖြစ်လာတဲ့အခါ အသက်အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ကူးစက်လွယ်ရောဂါတစ်မျိုးဖြစ်တာကြောင့်လည်း လူနာကို ထိတွေ့ကိုင်တွယ်ခြင်း၊ တံတွေး သလိပ်ကို ထိတွေ့မိခြင်း၊ လူနာဆီမှ နှာချေ၊ ချောင်းဆိုး၊ စကားပြောစဉ် ဗိုင်းရပ်စ်ပါလာသော လေများကို ရှူရှိုက်မိရာကတစ်ဆင့် အလွယ်တကူ ကူးစက်နိုင်လို့ သတိနှင့်ယှဉ်၍ ကာကွယ်ခြင်းဖြင့် လက်ဦးမှုကို အရယူပါ။

**သွေးလွန်တုပ်ကွေးရောဂါ**

မြန်မာပြည်မှာ တစ်နှစ်ပတ်လုံး ဖြစ်ပွားတတ်တဲ့ရောဂါဖြစ်ပြီး၊ အထူးသဖြင့် မိုးရာသီမှာ အဖြစ်များပါတယ်။ စစ်တမ်းများအရ၊ အသက်သုံးနှစ်မှ ရှစ်နှစ်အရွယ်တွေမှာ အဖြစ်များကြောင်းတွေ့ရပါတယ်။ အသက် ၁၅ နှစ်အောက် ဖြစ်ပွားနှုန်းများတဲ့အပြင် လူကြီးများမှာလည်း ဖြစ်တတ်တာကြောင့် အသက်အပိုင်းအခြားမရှိ ဖြစ်တတ်တဲ့ရောဂါလို့ ဆိုရမှာပါ။ ကျန်းမာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၁၉၆၅ ခုနှစ်မှစ၍ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလာခဲ့ကြောင်း၊ ၁၉၇၀၊ ၁၉၉၄၊ ၁၉၉၈၊ ၂၀၀၁၊ ၂၀၀၄၊ ၂၀၀၉ နှင့် ၂၀၁၃ ခုနှစ်များမှာ ကပ်ရောဂါအသွင် ပြောင်းသွားကြောင်း၊ အထူးသဖြင့် ၂၀၀၉ နှင့် ၂၀၁၃ ခုနှစ်များမှာ ရောဂါဖြစ်နှုန်းနှင့် လူသေနှုန်းအများဆုံးဖြစ်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၃ ခုနှစ်မှာ သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးသူဦးရေ ခြောက်ဆကျော်သည်အထိ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ပထမလေးလအတွင်းမှာ ရောဂါဖြစ်ပွားသူဦးရေ ၂၆၀ ကျော်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မေလ ၁ ရက်မှ ၁၀ ရက်အတွင်းမှာ ရောဂါဖြစ်ပွားသူဦးရေ ၇၀ ကျော်ထိရှိနေပြီး လူသေဆုံးမှုများပင် ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံဟာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်မားသည့် နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ရောဂါလက္ခဏာများမှာ နှစ်ရက်မှ သုံးရက်အတွင်း အပြင်းဖျား၍ ပျို့အန်ခြင်း၊ ခန္ဓာကိုယ်အနှံ့ အနီစက်များထွက်ခြင်း ဖြစ်လာပါတယ်။ ဆေးရုံဆေးခန်းသို့ မသွားခင် ဓာတ်ဆားရည်တိုက်ခြင်း၊ အကိုက်အခဲပျောက်ဆေးတိုက်ခြင်းပြုပေးပါ။ ဆက်လက်ပြီး ရောဂါစဖြစ်ချိန်မှစ၍ သုံးရက်မှ ငါးရက်အတွင်း ဆက်လက်၍ ကိုယ်ပူနေခြင်း (သို့မဟုတ်) တစ်လှည့်စီဖြစ်ခြင်း၊ ခြေဖျားလက်ဖျားများအေးစက်ခြင်း၊ မကြာခဏဆိုသလို အညိုရောင် အရည်များ အော့အန်ခြင်းတို့ ဖြစ်တတ်ပါတယ်။ ။


ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

“ရွှေရည်ပန်းတက်” မှ
အမြန်ရောင်းမည်

01 291317, 202921, 09- 5827489

# စွန့်လွှတ်စိုက်ပျိုးမြေယာများကို မူလပိုင်ရှင်တောင်သူများထံသို့ ပြန်လည်လွှဲပြောင်း

**ကနီ၊ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေများကို မူလပိုင်ရှင်တောင်သူများထံသို့ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ကနီမြို့ အ. ထ. က ကျောင်း ပညာရတနာခန်းမ၌ ဇွန် ၂၈ ရက်နံနက် ၁၀နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားရာ၌ ယခင်ကနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် တပ်ရင်း၊ တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မြေသိမ်းဆည်းခြင်း စိုက်ပျိုးရေး မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် ဌာနဆိုင်ရာများ ပုဂ္ဂလိကကုမ္ပဏီများ လုပ်ငန်းရှင်များကို လုပ်ပိုင်ခွင့်မြေနေရာချထားပေးခြင်းတို့ကြောင့် တောင်သူများစိုက်ပျိုးလျက်ရှိသည့် လယ်ယာမြေများ ပါရှိသွားသကဲ့သို့ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ ကားလမ်းများ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ မြေလွတ် မြေရိုင်းများ ပါဝင်သကဲ့သို့ တောင်သူများ၏ မြေယာများလည်းပါရှိသွားခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် တပ်တည်ဆောက်ရန် တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားသည့် မြေများအား သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ရန် တပ်ဌာနချုပ်၏ လုံခြုံရေးလိုအပ်ချက်နှင့် လေ့ကျင့်ရေးကွင်းလိုအပ်ချက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံး မြေဧရိယာကိုသာရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရန် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

ထို့ပြင်သိမ်းဆည်းခံမြေယာကိစ္စများ အမြန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးအတွက် မြေယာအသုံးချမှု စီမံခန့်ခွဲရေး ဗဟိုကော်မတီ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်တို့ကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေး၍ ဆောင်ရွက်လျက်ရှိသည်။

ယခုလို ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် တရားနည်းလမ်းမျှတမှုရှိခြင်း မလျော်ဩဇာသုံးစွဲမှုမရှိဘဲ လွတ်လပ်မှုရှိခြင်းဟူသော အခြေခံများကိုကိုင်စွဲကျင့်သုံးလျက်ရှိပါကြောင်း၎င်းကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်စွန့်လွှတ်ပေးအပ်သည့် ဧရိယာပေါင်း ၄၉၆၁၉ ဒသမ ၁၄ ဧကရှိသည့်အနက် စိုက်ပျိုးမြေ ၁၇၈၇၂ ဒသမ ၈၈ ဧကကိုသက်ဆိုင်ရာတောင်သူ ၂၃၀၆ ဦးသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ ပေးအပ်သွားမည်ဖြစ်သည်။

ယင်းမာပင်ခရိုင်အတွင်းရှိ ဧရိယာ ၅၀၉ ဒသမ ၆၅ ဧကကို သက်ဆိုင်ရာတောင်သူ ၇၉ ဦးထံသို့ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ပေးအပ်ခြင်းဖြစ်ပြီး ပေးအပ်ရန်ကျန်ရှိသည့် စွန့်လွှတ်မြေများကိုလည်း အမြန်ဆုံးပေးအပ်နိုင်ရေးကို မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်က ဆောင်ရွက်လျက်ရှိကာ တောင်သူများအနေဖြင့်လည်း ရရှိသောမြေများကို စိုက်ပျိုးအသုံးပြုရာတွင် မိမိတို့အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားလိုကြောင်း ၎င်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ ဆောင်ရွက်မှု အခြေအနေများကို ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်မှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ လယ်ယာမြေများတွင် ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ဖြင့် ရှိသူများအား လယ်ယာမြေဥပဒေ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေ လုပ်ကိုင်ခွင့်လက်မှတ်များ ထုတ်ပေးနိုင်ရေးအတွက်လည်းကောင်း မြေလွတ်၊ မြေလတ်နှင့် မြေရိုင်းများတွင် ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ရှိသူများအား မြေလွတ် မြေလတ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်လင်းပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးမှ စွန့်လွှတ်မြေယာများကို တောင်သူများထံသို့ယာယီခွင့်ပြုပုံစံ-၇ ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ရာ ကနီမြို့နယ်အတွက် တောင်သူများကိုယ်စား ဦးခင်မောင်သန်းနှင့် ပုလဲမြို့နယ်အတွက် တောင်သူများကိုယ်စား ပုလဲမြို့နယ်မှ တောင်သူ ဦးတင်ငွေတို့မှ လက်ခံရယူကြသည်။

မြေယာလက်ခံရရှိသည့် တောင်သူများကိုယ်စား ကနီမြို့နယ် ဇီးပင်တွင်းကျေးရွာမှ တောင်သူ ဦးလင်းက "အခုအချိန်မှာ လူဦးရေတိုးပွားလာသည့်အတွက် စိုက်ပျိုးရေးလုပ်ကိုင်ရန် လယ်ယာမြေ ရှားပါးလာခဲ့ပါတယ်။ ကျွန်တော်တို့ ယခင်က လုပ်ကိုင်ခဲ့ရတဲ့ လယ်ယာမြေများကို ပြန်လည်လုပ်ကိုင်ခွင့်ရှိတဲ့အတွက် ပျော်ရွှင်ဝမ်းမြောက်မိပါတယ်။ ပြန်လည်ရရှိတဲ့ လယ်ယာမြေများကိုလည်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်သွားမယ်"ဟု တောင်သူများကိုယ်စား ပြောကြားကြောင်း သိရသည်။ **(ကြေးမုံ)**

# လင်းခေးတွင် စာပေရေချမ်းစင်ငယ်များ၌ စာစဉ်သစ်များလဲလှယ်ပေး

**လင်းခေး၊ ဇူလိုင် ၃**

စာကြည့်တိုက်လုပ်ငန်းများ တစ်ဆင့်မြှင့်၍ (Public Digital Library Service) Wifi စနစ်များဖြင့် တိုးမြှင့်ဝန်ဆောင်မှုပေးနေလျက်ရှိရာ ဇူလိုင် ၁ ရက် မွန်းလွဲ ၂ နာရီက လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သွယ်သွယ်ဦးနှင့်ဝန်ထမ်းများသည် စာပေရေချမ်းစင်ငယ်များထားရှိရာ ရဲတပ်ဖွဲ့စခန်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြန်မာ့စီးပွားရေးဘဏ် ဝမ်လွိုင်ရပ်ကွက် ဓမ္မာရုံနှင့် မြို့လယ် (လမ်းဆုံတံတား)လူစည်ကားရာ လက်ဖက်ရည်ဆိုင်နေရာငါးနေရာရှိ စာစဉ် ၁၂ မျိုးပါဝင်သော ပြည်သူ့အကျိုးပြုစာအုပ်များအား (တစ်လလျှင်တစ်ကြိမ်)အသစ်လဲလှယ်ပေးခြင်းကို လှည့်လည်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



စာပေဗဟုသုတ တိုးပွားရရှိစေရန်နှင့် စာအုပ်စာပေများကို လွယ်လင့်တကူနေရာများ၌ ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက နိုင်ငံအဝန်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စာပေရေချမ်းစင် (BookCorner)၊ စာပေရေချမ်းစင်ငယ် (Mini Book Corner) မိုဘိုင်းစာကြည့်တိုက်(Mobile Library) လုပ်ငန်းများဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိသည်။

**ဆောင်းနှင်းလတ်(ပြန်/ဆက်)**

# သက်ကြီးဘိုးဘွားများအား ဆေးဝါးများလှူဒါန်း

**ရန်ကုန်၊ ဇူလိုင် ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး အပတ်စဉ်အင်္ဂါနေ့တိုင်း သက်ကြီးရွယ်အိုဘိုးဘွားများအား လူမျိုးဘာသာမရွေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁ ရက်က ဒေသန္တရကျန်းမာရေးဆေးပေးခန်းတွင် ဆရာဝန်၊ သူနာပြုများက လိုအပ်သော ကျန်းမာရေးဆေးစစ်ခြင်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေညိုနှင့်အသင်းဝင်များက လိုအပ်သောထောက်ပံ့ပိုးကူညီမှုများပေးကာ ဘိုးဘွား ၇၀ ကျော်အား ဘီဝမ်း၊ ဘီစစ်၊ ဘားပလက်အားဆေးများ ပေးအပ်ခဲ့သည်။ **အောင်သန်း(တောင်ညွန့်)**

# မွေးမြူရေးလုပ်ကိုင်သူများသို့ ချေးငွေများပေးအပ်

**ဘီးလင်း၊ ဇူလိုင် ၃**

ဘီးလင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ ကျေးလက်ဒေသမှ ဆိတ်နှင့်ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသို့ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးခြင်းကို ဇွန် ၁ ရက် နံနက် ၁၁ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာအဆိုပါချေးငွေများကို ကျေးရွာအုပ်စုနှစ်စု၊ အစုအဖွဲ့ ၁၄ ဖွဲ့မှ အဖွဲ့ဝင် ၁၄၀ ဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်နှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာဥမ္မာနှင်းတို့က ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**


(GEM DIAMOND ACADEMY)
(Diamond Special Course (1) month)
7:30 to 9:30 Am (12.7.2014 ...) (Sat, Sun, Mon, Tues)
(Identification)
(Quality Analysis and Evaluation)
(Visiting Professor)
DIAMOND GRADUATE (GIA)
Ph: 09420005161, 09 5004191, 01397193

Cambridge University ... Native and Local Instructor
GETC
Opening in July
Communicative English
General English
IELTS
Foundation English Program
Business English

21 AD @ BILLBOARD ADVERTISING
www.21advertising.net
377093 373036 09 73043672 09 73200169

# နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုအား တတိယဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ် (၁) ဆွေးနွေးပွဲကျင်းပ

**မြစ်ကြီးနား၊ ဇူလိုင် ၃**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ အနက် တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်(၁) တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။ အခမ်းအနားတွင် ကချင်ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဦး၊ ဦးစီးအရာရှိ ဦးခိုင်လင်းနိုင်၊ မြစ်ကြီးနားမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းတို့က အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်သိန်းက ဆွေးနွေးတင်ပြမှုများ အပေါ် သုံးသပ်ဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း ၂၂ ဦး၊ အမှုထမ်း ၁၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်ထွေ/အုပ်**

## မိတ္ထီလာတွင် ဆိုင်ကယ်မောင်းသူအား နောက်မှ ဒိုင်နာယာဉ်ဝင်တိုက်မိ

**မိတ္ထီလာ၊ ဇူလိုင် ၃**

မိတ္ထီလာမြို့ မန္တလေး-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ် ၃၄၄ /၃ နှင့် ၃၄၄ /၄ အကြားတွင် ဇူလိုင် ၁ ရက်က ဆိုင်ကယ် မောင်းနှင့်နေသူ တစ်ဦးအား နောက်မှနေ၍ ဒိုင်နာမော်တော်ယာဉ်မှ ဝင်တိုက်မိသဖြင့် နေရာတွင်ပင်သေဆုံးမှု ဖြစ်ပွားကြောင်းသိရသည်။ ဖြစ်ပွားပုံမှာ ဦးသောင်းစိန် (၅၀)နှစ်၊ သံပွေကျေးရွာငှက်ကြီးသိုက်ကျေးရွာ သာစည်မြို့နယ်နေထိုင်သူသည် ရင်ဇင်း ၁၁၀ စိမ်းပုပ်ရောင်အား မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် လားရာတူမှ အမည်မသိယာဉ်မောင်း မောင်းနှင်လာသည့် ဒိုင်နာမော်တော်ယာဉ်သည် နောက်မှနေ၍ ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ ဦးသောင်းစိန်မှာ ဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးခြင်းဖြစ်သည်။ အမည်မသိ ဒိုင်နာမော်တော်ယာဉ်မောင်းမှာ မော်တော်ယာဉ်အား အခင်းဖြစ်သည့်နေရာတွင် ထားကာ ထွက်ပြေးသွားကြောင်း သိရသည်။ ထွက်ပြေးသွားသည့် အမည်မသိယာဉ်မောင်းအား ယာဉ်(ပ)၁၄/၂၀၁၄ ပြစ်မှုပုဒ်မ ၃၀၄-က/၂၀၂ ဖြင့် အမှတ်(၃) နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၅၇၉)**



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့ 'သဘာဝပတ်ဝန်းကျင် ချစ်သူများအဖွဲ့'မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်နှင့် မြို့သန့်ရှင်းသာယာလှပစေရန် ရည်ရွယ်၍ ဇူလိုင် ၁ ရက်က ချောင်းဦးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ သဘာဝပတ်ဝန်းကျင် ချစ်သူများအဖွဲ့ စုစုပေါင်းအင်အား ၅၀ ခန့်က ချောင်းဦးမြို့နယ် လမ်းဘေးဝဲ/ယာ တစ်လျှောက်ရှိ ပလတ်စတစ်အိပ်ခွံနှင့် အမှိုက်များကို လိုက်လံကောက်ယူ၍ သန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ချောင်းဦး(ပြန်/ဆက်)

# မြန်မာနိုင်ငံအတွင်းသို့ ယခုနှစ် ဇွန်လကုန်ထိ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု တစ်သိန်းသုံးသောင်းလေးထောင်ကျော်နှင့် ဟိုတယ်အလုံးရေ ၁၀၁၉ လုံးရှိလာ

**ရန်ကုန်၊ ဇူလိုင် ၃**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဟိုတယ်၊ တည်းခိုခန်းများအား စနစ်တကျစစ်ဆေးမှုဖြင့် လိုင်စင်ချပေးလျက်ရှိရာ ဟိုတယ်အရေအတွက် ၁၀၁၉ လုံးထိရှိလာပြီဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံသို့ ယခုနှစ်ဇွန်လကုန်အထိ ပြည်ပမှလာရောက်လည်ပတ်သော ခရီးသွားဧည့်သည်ဝင်ရောက်မှု အခြေအနေမှာ လူဦးရေတစ်သိန်းသုံးသောင်းလေးထောင်ကျော်ရှိလာကြောင်း ယင်းစာရင်းများအရ သိရသည်။

"ကမ္ဘာလှည့်ခရီးသည်တွေ ဝင်ရောက်မှုက အဓိကကမ္ဘာကြီးနဲ့ ဆိုင်ပါတယ်။ ကမ္ဘာမှာနိုင်ငံတွေ အေးအေးချမ်းချမ်းနဲ့ စီးပွားရေးလည်းကောင်းသလို ကျွန်တော်တို့နိုင်ငံ အနေအထားကလည်း ဒီဘက်ခေတ်မှာ ပြောင်းလဲမှုတွေလုပ်လာတာဆိုတော့ ဧည့်သည်တွေပိုလာတာပေါ့။ မကြာမီ E-Visa လုပ်ပေးရင်ပိုပြီး ဝင်ရောက်မှုနှုန်းတက်လာမှာဖြစ်ပါတယ်"ဟုဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပြည်ပခရီးသွားဝင်ရောက်မှုနှုန်း တစ်သိန်းသုံးသောင်းလေးထောင်ကျော်တွင် ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ မြိတ်စသော အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ရေကြောင်းလိုင်းများမှဝင်ရောက်သူ ငါးသိန်းသုံးသောင်းကျော်နယ်စပ် ဂိတ်ပေါက်များမှဝင်ရောက်သူဦးရေရှစ်သိန်းကျော် ရှိခဲ့သည်။

ယခုနှစ် ဇွန်လတစ်လလုံးတွင် လူဦးရေ တစ်သိန်းသုံးသောင်းကျော်ရှိခဲ့ကြောင်းနှင့် ယခုနှစ် ဇွန်လကုန်အထိ ဟိုတယ်အလုံးပေါင်း ၁၀၁၉ လုံး၊ အခန်းပေါင်း ၃၉၄၀၇ ခန်းရှိခဲ့သည်။ အဓိကကျသော ရန်ကုန်မြို့တွင် ဟိုတယ် ၂၅၆ လုံးနှင့်အခန်း ၁၁၈၅၁ ခန်း၊ နေပြည်တော်တွင် ဟိုတယ် ၅၃ လုံးနှင့် အခန်း ၄၃၀၆ ခန်း၊ မန္တလေးတွင် ဟိုတယ် ၁၂၆ လုံးနှင့် အခန်း ၅၂၇၉ ခန်း၊ ပုဂံတွင် ဟိုတယ် ၇၇ လုံးနှင့် အခန်း၂၄၀၀ ခန်း၊ ညောင်ရွှေ-အင်းလေးတွင် ဟိုတယ် ၅၆ လုံးနှင့် အခန်း ၁၅၄၄ ခန်းတို့ရှိကြောင်း သိရသည်။

"ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတယ်ဆိုရင် သူတို့နဲ့ဆက်စပ်နေတဲ့ ဟိုတယ်လုပ်ငန်းကလည်း လိုက်ပြီး တိုးတက်လာတာပါပဲ။ အခုတောင် ပျူရှေးဟောင်းမြို့သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်လိုက်တော့ စီးပွားရေးလုပ်သူတို့က ဟိုတယ်လုပ်ချင်လို့ စုံစမ်းနေတာ တွေ့ရပါတယ်။ အခုလည်း ဒီလအတွင်း ကျွန်တော်တို့ဆီမှာ နောက်ထပ်ဟိုတယ်ဖွင့်ဖို့ လိုင်စင်လျှောက်ထားတာ အနည်းဆုံး ၁၅ ခုလောက်ရှိနေပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ပြီးခဲ့သည့် ၂၀၁၃ခုနှစ် တစ်နှစ်လုံးတွင် မြန်မာနိုင်ငံသို့ ပြည်ပမှဝင်ရောက်ခဲ့သော ကမ္ဘာလှည့်ခရီးသည် အရေအတွက်မှာ ၂ ဒသမ ၀၄၄ သန်းရှိခဲ့ပြီး ဟိုတယ် အရေအတွက် ၉၂၃ လုံးသာရှိခဲ့ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာသော စာရင်းများအရ သိရသည်။ **စိုးအောင်ဖေ**







# စစ်ကိုင်းမြို့မဈေးလမ်းဆုံတွင် ညဦးပိုင်းလမ်းသွား လမ်းလာရှုပ်ထွေးချိန် အချက်ပြမီးထွန်းပေးရန်လိုအပ်

**စစ်ကိုင်း၊ ဇူလိုင် ၃**



စစ်ကိုင်းမြို့၊ မြို့မစည်ပင်သာယာဈေးကြီးအနီးတွင် တည်ရှိသည့် မြို့မဈေးကြီးရှေ့ရှိ လမ်းဆုံမီးပွိုင့်နေရာတွင် ညနေ ၆ နာရီကျော်သည်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကို တာဝန်ချထားပေးမှု မရှိတော့သည့်အပြင် အချက်ပြမီးပွိုင့်များကိုပါ ပိတ်၍ ထားရှိခဲ့သောကြောင့် ညဦးပိုင်း လမ်းသွားလမ်းလာများပြားချိန်တွင် ယာဉ်အန္တရာယ်စိုးရိမ်နေရကြောင်း ဒေသခံများက ပြောသည်။

စစ်ကိုင်းမြို့၊ မြို့မစည်ပင်သာယာဈေးကြီးအနီးတွင် တည်ရှိသည့် ဈေးလမ်းမကြီးနှင့် ဇေယျာလမ်းမကြီးသည် မော်တော်ယာဉ်များ၊ လမ်းသွားလမ်းလာပြည်သူများ၊ ဈေးရောင်းဈေးဝယ်များနှင့် နေ့ညစည်ကားသည့်နေရာဖြစ်သည်။ အထူးသဖြင့် မြို့မဈေးကြီးရှေ့တွင် တည်ရှိသည့် လမ်းဆုံနေရာသည် စစ်ကိုင်းမြို့၏ ယာဉ်ကြောရှုပ်ထွေးမှုအရှိဆုံးနေရာဖြစ်၍ အချက်ပြမီးပွိုင့်များကို တပ်ဆင်ထားကာ ယာဉ်ကြော ရှင်းလင်းပေးရကြောင်း သိရသည်။ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း နေ့ပိုင်းတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကို တာဝန်ချထားပေး၍ မီးပွိုင့်အချက်ပြစနစ်ဖြင့် ယာဉ်ကြောရှင်းလင်းမှုများ ဆောင်ရွက်ပေးရာ လမ်းသွားလမ်းလာများ အဆင်ပြေလျက်ရှိသည်။

"မြို့မဈေးလမ်းဆုံမီးပွိုင့်က ညနေပိုင်းမှာ လမ်းသွားလမ်းလာတွေနဲ့ ပိုပြီး ရှုပ်ထွေးတယ်။ ညဈေးလာတဲ့သူတွေ၊ ကျူရှင်ပြန်တဲ့ကလေးတွေ၊ အလုပ်သွား အလုပ်ပြန်သူတွေနဲ့ ရှုပ်ထွေးပါတယ်။ ညနေ ၆ နာရီကျော်ရင် လမ်းရှင်းပေးမယ့် ယာဉ်ထိန်းရဲလည်း မရှိတော့ဘူး။ ပိုဆိုးတာက အချက်ပြမီးပွိုင့်ကိုပါ ပိတ်ထားခဲ့တဲ့အတွက် လမ်းဖြတ်ကူးတဲ့သူတွေ တော်တော်သတိထားသွားလာနေရတယ်။ ညမှောင်ရီသန်းနေချိန်ဖြစ်တဲ့အတွက် အန္တရာယ်တော်တော်များပါတယ်။ ညပိုင်းအချိန်ဆိုရင် အဲဒီလမ်းဆုံမှာ ယာဉ်မတော်တဆမှုတွေလည်း ခဏခဏဖြစ်တယ်။ မူးယစ်သောက်စားထားတဲ့သူတွေ၊ မီးမပါဘဲ မောင်းနှင်သွားလာတဲ့ယာဉ်တွေကြောင့် အမြင်အာရုံမကောင်းတဲ့သူတွေဆိုရင် တော်တော်ဒုက္ခရောက်ကြတယ်။ အဲဒါကြောင့် ဈေးလမ်းဆုံမှာ ညပိုင်းယာဉ်ထိန်းရဲကို တာဝန် မချထားချင်နေပါ အချက်ပြမီးပွိုင့်ကိုတော့ ည ၉ နာရီလောက်အထိ ဖွင့်ပေးထားစေချင်တယ်။ အချက်ပြမီးပွိုင့် ဖွင့်မထားတော့ အဆင်ပြေသလို ကြည့်ဖြတ်နေကြရတာ တော်တော်အန္တရာယ်များပါတယ်" ဟု ပိုးတန်းရပ်ကွက်နေ ကျောင်းဆရာတစ်ဦးက ပြောသည်။

ယခုအခါ စစ်ကိုင်းမြို့ရှိ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်သည့် အဓိကလမ်းဆုံနေရာများတွင် ဆိုလာစနစ်သုံး အချက်ပြမီးဝါများ တပ်ဆင်ပေးခဲ့သဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှုများ သိသာစွာ လျော့နည်းကျဆင်းသွားကြောင်း၊ သို့ဖြစ်၍ ညဦးပိုင်းလမ်းသွားလမ်းလာများပြားချိန်တွင် မီးဖြင့် အဖွင့်အပိတ်ပြုလုပ်ကာ အလိုအလျောက်လမ်းရှင်းမှု ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိသည်။

**နန္ဒာမင်းလွင်**

## ဓာတ်ပုံရောင်းရငွေများ ရွှေမှော်ဝန်းသို့ လှူဒါန်း

**ရန်ကုန်၊ ဇူလိုင် ၃**

Nawaday Art Gallery တွင် ကျင်းပသော Source of Light. Photo Graphy Show ပြပွဲတွင် ဓာတ်ပုံများရောင်းရငွေဖြင့် အလှူငွေပေးအပ်ပွဲကို ဇွန် ၂၈ ရက် ညနေ ၄ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ ဒုတိယအကြိမ် ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံကားချပ်ပေါင်း ၁၈၀ ချပ် ပြသခဲ့ရာ ရောင်းရသောဓာတ်ပုံကားချပ်ပေါင်း ၆၄ ချပ်တွင် အလှူငွေကျပ် သိန်း ၄၀ ကိုရရှိခဲ့ပြီး ထိုငွေအား ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် တည်ထောင်ထားသော ရွှေမှော်ဝန်း လူမှု-ပညာ-ယဉ်ကျေးအဖွဲ့ဥက္ကဋ္ဌထံသို့ အလှူငွေကျပ် သိန်း ၄၀ အား ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်၊ ပြည်ထဲရေးဝန်ကြီးဟောင်း ဦးတင်လှိုင်နှင့်အတူ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ ဓာတ်ပုံပညာရှင်များ တတ်ရောက်ခဲ့သည်။

**နေဇာ(ပိတောက်ရိပ်)**

# အခြေခံကျောင်း ၅၇ ကျောင်းမြေ ဂရန်ရရှိရေးတိုင်းတာမှုဆောင်ရွက်

**ရန်ကုန်၊ ဇူလိုင် ၃**

ရွှေပြည်သာမြို့နယ် ပညာရေးမှူး၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းကျောင်းမြေဂရန်ရရှိရေး တိုင်းတာဆောင်ရွက်လျက်ရှိရာ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း ၅၇ ကျောင်းသို့ မြေတိုင်းတာမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

အိုးအိမ်ဦးစီးဌာန၊ မြို့ပြစီမံခန့်ခွဲရေးမှူး၊ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများအပါအဝင် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ မြို့နယ်၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသအုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများသည် ဇွန် ၂၈ ရက်က အ. မ. က (၆) သို့ သွားရောက်ကာ တိုင်းတာမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယခင်က မြေဂရန်အဖြစ်မရရှိသေးသော အခြေခံကျောင်း၅၇ ကျောင်း၏ မြေနေရာများ မှန်ကန်တိကျသောဧရိယာအကျယ်အဝန်းအဖြစ် မြေဂရန်များ ရရှိရန် ဆောင်ရွက်သွားမည်ဟု မြို့နယ်ပညာရေးမှူး ဒေါ်ခင်နွဲ့ဝင်းက ဇွန် ၂၈ ရက်က အ. မ. က (၆)သို့ရောက်ရှိစဉ်ရှင်းလင်း ပြောကြားခဲ့သည်။

**သားစိန်ဒိုင်**

Better Tomorrow
EPS-TOPIK
Ph: 09-5418126
ဆရာဝန်များဦးစီးသည့်

# ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတော်သမ္မတရုံး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် သာသနာရေးဝန်ကြီးဌာန စုံညီခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတရုံး၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ် သာသနာ့မဟာဗိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်မှာ လေးကြိမ်တိုင်ရှိပြီဖြစ်ပါကြောင်း၊ ယခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကိုဇူလိုင် ၉ ရက်တွင်ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီး ၄၅ ပါးအပါအဝင် ပင့်သံဃာ ၆၃ ပါးပင့်ဆောင်မည်ဟု သိရပါကြောင်း။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ယနေ့ **မာတိကာ**


တစ်လအတွင်း တိုးတက်ခြင်း — စာမျက်နှာ - ၂

တရုတ်သမ္မတ ရှီကျင့်ဖျင် တောင်ကိုရီးယားသို့ ရောက်ရှိ — စာမျက်နှာ - ၄

လူမှုစီးပွားမြင့်တက်ဖို့ သမဝါယမစနစ်ဖြင့် ဆောင်ရွက်ကြစို့ — စာမျက်နှာ - ၆

အရှေ့တောင်အာရှ ဗိုဗီနမ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် မြန်မာနိုင်ငံ လက်ခံကျင်းပခွင့်ရ — စာမျက်နှာ - ၁၃


# သထုံတွင် မင်းကွတ်သီးများ အထွက်ကောင်း၍ စိုက်ပျိုးသူများအဆင်ပြေ

**သထုံ ဇူလိုင် ၃**

သထုံမြို့နယ်အတွင်းရှိ ဒေသမျိုးမင်းကွတ်စိုက်ပျိုးသော ခြံများမှထွက်သည့် မင်းကွတ်သီးများမှာ ရာသီဥတုဒဏ်ကြောင့် အသီးအရွယ်အစား အနည်းငယ်သေးငယ်သွားသော်လည်း အထွက်နှုန်းကောင်းမွန်သောကြောင့် ခြံရှင်များ အဆင်ပြေကြောင်း သိရသည်။ "ပြီးခဲ့တဲ့နှစ်က အရမ်းပူတော့ အသီးကင်းအရွယ်မှာ နေလောင်တာ အသီးက

**စာမျက်နှာ ၉ ကော်လံ ၆ သို့**



# သမဝါယမအသင်းများ၏ ထုတ်ကုန်များ လေ့လာဝယ်ယူအားပေးနိုင်

**နေပြည်တော် ဇူလိုင် ၃**

၂၀၁၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနား"ကို သမဝါယမဝန်ကြီးဌာန ရုံးအမှတ် (၁၆) နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမအသင်းစုချုပ်များက သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများကို ဇူလိုင် ၅ရက်မှ ၇ ရက်အထိ ခင်းကျင်းပြသရောင်းချမည်ဖြစ်ပါသည်။ ပြည်သူများလာရောက်ကြည့်ရှုလေ့လာဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့၌ ပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၃**

မန္တလေးမြို့၌ ဇူလိုင် ၃ ရက် ည ၉ နာရီမှစတင်၍ ပုဒ်မ ၁၄၄ အမိန့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မန္တလေးမြို့**
**တားမြစ်အမိန့်အမှတ် (၁/၂၀၁၄)**
**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်း**
**၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်**
**၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်**

၁။ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်တွင် ၁-၇-၂၀၁၄ ရက်နေ့နှင့် ၂-၇-၂၀၁၄ ရက်နေ့ ညများတွင် လူစုလူဝေးများသည် တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်၍ ရုန်းရင်းဆန်ခတ်မှုဖြစ်ပေါ်ခဲ့သဖြင့် အများပြည်သူ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံမှုအတွက်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရှေးရှု၍လည်းကောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်ဖြစ်သော အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များတွင် ရပ်ဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးလိုက်နာရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို ကျင့်သုံး၍ အောက်ပါအတိုင်း တားမြစ်အမိန့်ကို ထုတ်ပြန်လိုက်သည်-

(က) မည်သူမဆို အမိန့်တစ်စုံတစ်ရာမရှိဘဲ ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း လမ်းများပေါ်သို့ ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ လူငါးဦးနှင့် လူငါးဦးထက်ပို၍ဖြစ်စေ စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟောပြောခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရုန်းရင်းဆန်ခတ်မှုပြုခြင်း၊ တုတ်၊ ဓား၊ လက်နက်နှင့် မီးလောင်စေသော အရာများကိုင်ဆောင်ခြင်း မပြုလုပ်ရ၊

**စာမျက်နှာ ၉ ကော်လံ ၆ သို့**




ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ရေကြည်မြဲ အထူးထုတ် ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက် သောကြာနေ့

FIFA WORLD CUP Brasil




# မိနစ် ၉၀ အတွင်း အနိုင် / အရှုံးအဖြေပေါ်ဖို့ခက်တဲ့ ပြင်သစ်နဲ့ ဂျာမနီ




၂၀၁၄ ကမ္ဘာ့ဖလားရဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ဇူလိုင် ၄ ရက်ညမှာ စတင်ကျင်းပသွားဖို့ရှိတယ်။ အဲဒီပွဲစဉ်မှာ ပြင်သစ်နဲ့ ဂျာမနီတို့ ထိပ်တိုက်ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိမယ့်ပွဲစဉ်တစ်ခုဖြစ်လာမှာလည်း သေချာနေတယ်။ အထူးသဖြင့် ပြင်သစ်နဲ့ ဂျာမနီတို့ဟာ ဒီပြိုင်ပွဲမှာ ဖိုလ်စွဲဖို့အထိ ရေပန်းစားနေတဲ့အသင်းတွေဖြစ်တာကြောင့် ဒီပွဲစဉ်မှာ ဘယ်သူက နိုင်ပွဲရပြီး ဆီမီးဖိုင်နယ်အဆင့်ကို ရောက်လာမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေတယ်။ အထူးသဖြင့်ပြင်သစ်နဲ့ ဂျာမနီတို့ဟာ သမိုင်းတစ်လျှောက် ၁၀ ကြိမ် ဆုံခဲ့ဖူးရာမှာ ပြင်သစ်က ငါးကြိမ်နိုင်ပြီး ဂျာမနီက သုံးကြိမ်နိုင်ထားကာ အစဉ်အလာပိုင်းအရ ကွာဟမှုသိပ်မရှိဘူး။

ဒါ့အပြင် ဒီနှစ်သင်းစလုံးဟာ ဒီကမ္ဘာ့ဖလားပြိုင်ပွဲအတွင်းမှာလည်း အကောင်းဆုံးခြေစွမ်းကို ရရှိနေကြတယ်။ ပြင်သစ်ဆိုရင် အဓိက တိုက်စစ်မှူး ဘင်ဇီမာက ဂိုးသွင်းခြေအပြည့်ရရှိနေသလို ပေါ့ဂ်ဘာ၊ မက်တူဒီ၊ ဗယ်ဘူနာ၊ ကာဘာရီတို့လို ကွင်းလယ်ကစားသမားတွေကလည်း တိုက်စစ်ကိုပံ့ပိုးမှုအားကောင်းသလို ကိုယ်တိုင်လည်း ဂိုးသွင်းခြေရှိကြတယ်။ အုပ်စုတွင်းသုံးပွဲမှာဆိုရင် ပြင်သစ်ဟာ အီကွေဒေါနဲ့တစ်ပွဲတည်းပဲ ဂိုးမသွင်းနိုင်ခဲ့သလို ကျန်နှစ်ပွဲမှာ ရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့အပြင် ရှုံးထွက်အဆင့်ပွဲစဉ်မှာလည်း နိုင်ဂျီးရီးယားကို နှစ်ဂိုးပြတ်နဲ့ နိုင်တယ်။ ဒါ့အပြင် ပြင်သစ်ရဲ့ ဒီဘူချီ၊ ဗာရာနီ၊ ကိုစီရယ်နီ၊ အီဗရာ၊ ဂိုးသမားလောရစ်တို့ရဲ့ ခံစစ်ဇုန်ကလည်း ဒီပြိုင်ပွဲမှာ တွဲဖက်မိနေကာ စုစုပေါင်း လေးပွဲကစားပြီးချိန်မှာ သုံးပွဲတိတိ ဂိုးမပေးရအောင် ထိန်းနိုင်ခဲ့တာကို တွေ့ရတယ်။

ဒါပေမယ့် ပြင်သစ်ဟာ ဒီပြိုင်ပွဲမှာ ရှုံးထွက်အဆင့်ပြီးတဲ့အထိ အသင်းကြီးတွေနဲ့ တွေ့ဆုံရင်ဆိုင်ရခြင်းမရှိသေးဘူး။ အုပ်စုတွင်းမှာ ရင်ဆိုင်ခဲ့ရတဲ့ ဟွန်ဒူးရပ်စ်၊ ဆွစ်ဇာလန်၊ အီကွေဒေါတို့ဟာ သာမန်အသင်းတွေသာဖြစ်သလို ရှုံးထွက်အဆင့်မှာ တွေ့ရတဲ့ နိုင်ဂျီးရီးယားကလည်း သာမန်အဆင့် အသင်းသာဖြစ်တယ်။ ဒါကြောင့် ပြင်သစ်ရဲ့ ခြေစွမ်းအမှန်ဟာလည်း သုံးသပ်ဖို့ခက်ပြီး အသင်းကြီးတွေနဲ့ ရင်ဆိုင်ရတဲ့အခါ တောင့်ခံနိုင်ခြင်း ရှိ၊ မရှိဟာ စိတ်ဝင်စားဖို့ သိပ်ကောင်းတယ်။

တကယ်တော့ ဂျာမနီမှာလည်း လိုအပ်ချက်မရှိတာမျိုးတော့ မဟုတ်ဘူး။ အထူးသဖြင့် ဂျာမနီဟာ ဗဟိုတိုက်စစ်မှူးစစ်စစ်ဆိုလို့ ကလိုဆေးတစ်ဦးသာ ခေါ်ယူထားတဲ့အတွက် ဒီပြိုင်ပွဲမှာ မူလာကိုဗဟိုတိုက်စစ်မှူးနေရာမှာ ထားကစားနေရတယ်။ မူလာက အုပ်စုတွင်း ပွဲစဉ်အချို့မှာ ခြေစွမ်းပြနိုင်ခဲ့သလို ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ အိုဇေးလ်၊ ဂေ့ါဇီ၊ ခရူးစ်၊ စတိုင်ဂါတို့ကလည်း ဂိုးသွင်းခြေရှိတာကြောင့် ပွဲအချို့မှာ ဂျာမနီတိုက်စစ်ဟာ ဂိုးမြှုံခဲ့ပြီး ဂိုးပေါင်းခုနစ်ဂိုးတိတိကို အုပ်စုတွင်းပွဲတွေမှာ သွင်းယူနိုင်ခဲ့တယ်။ ဒါပေမယ့် ရှုံးထွက်အဆင့်ပွဲစဉ်ဖြစ်တဲ့ အယ်လ်ဂျီးရီယားနဲ့ပွဲမှာတော့ ဂျာမနီဟာ ဂိုးရဖို့ ရုန်းကန်ခဲ့ရပြီး မိနစ် ၉၀ အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ဘူး။ ဒါ့အပြင် ဂါနာနဲ့ဆုံခဲ့ရတဲ့ အုပ်စုတွင်းပွဲစဉ်တွေမှာလည်း ဂျာမနီဟာ အနိုင်မရခဲ့တာကို တွေ့ရတယ်။ အထူးသဖြင့် ဂျာမနီဟာ အဆုံးသတ်ပိုင်း သေချာတဲ့ ဗဟိုတိုက်စစ်မှူးစစ်စစ် မပါဝင်တဲ့အတွက် ကွင်းလယ်ကစားသမားတွေရဲ့ ကစားအားအပေါ် အဓိကအမှီပြုနေရတဲ့အခါ ကွင်းလယ်ကစားသမားတွေ ကစားရခက်ခဲနိုင်တဲ့ မာကျောတဲ့အသင်းတွေ၊ ကွင်းလယ်ကစားပုံကောင်းတဲ့ အသင်းတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ဂျာမနီဟာ ရလဒ်ကောင်းဖို့ ရုန်းကန်ရတတ်တယ်။ ဒါ့ကြောင့် ဂျာမနီအနေနဲ့လည်း ပေါ့ဂ်ဘာ၊ ဗယ်ဘူနာ၊ ကာဘာရီ၊ မက်တူဒီတို့လို ကွင်းလယ်ကစားသမားကောင်းတွေရှိတဲ့ ပြင်သစ်ကို အကောင်းဆုံးရင်ဆိုင်နိုင်မလားဆိုတာလည်း စိတ်ဝင်စားဖို့ကောင်းနေတယ်။

အထူးသဖြင့် ဒီနှစ်သင်းကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကွာဟချက် ကြီးကြီးမားမားမရှိတာလည်း တွေ့ရမယ်။ ဂျာမနီရဲ့ မူလာဟာ ဂိုးသွင်းခြေရှိနေသလို ပြင်သစ်ရဲ့ ဘင်ဇီမာကလည်း အဆုံးသတ်သေချာနေတယ်။ ဒါ့အပြင် ဂျာမနီ ရဲ့ အိုဇေးလ်၊ ဂေ့ါဇီ၊ လမ်း၊ ခီဒီယာ၊ ခရူးစ်၊ စတိုင်ဂါတို့ရဲ့ ကွင်းလယ်ကလည်း စုစည်းမှုအားကောင်းသလို တိုက်စစ်နဲ့ ခံစစ်ကိုပါ အပြည့်အဝအသုံးချနိုင်၊ ပံ့ပိုးနိုင်တာ တွေ့ရတယ်။ ပြင်သစ်ကွင်းလယ်ဖြစ်တဲ့ ဗယ်ဘူနာ၊ ပေါ့ဂ်ဘာ၊ မက်တူဒီ၊ ကာဘာရီတို့ဟာလည်း စုစည်းမှုရှိကာ တိုက်စစ်နဲ့ခံစစ်ကိုလည်း အပြည့်အဝကူညီနိုင်တဲ့ကွင်းလယ်ဖြစ်နေတဲ့အပြင် ဒီဘူချီ၊ ဗာရာနီ၊ ကိုစီရယ်နီ၊ အီဗရာတို့ရဲ့ ပြင်သစ်ခံစစ်နဲ့ ဘိုတန်၊ မာတီဆက်ကာ၊ ဟမ်းမဲလ်၊ ဟိုဝီလ်ဒက်တို့ရဲ့ ဂျာမနီခံစစ်တို့ကလည်း အရည်အသွေးပိုင်း သိပ်မကွာဟဘူး။ ဒါကြောင့်ဒီပွဲဟာ အကြိတ်အနယ်ရှိနိုင်သလို မိနစ် ၉၀ အတွင်း အနိုင်/အရှုံး အဖြေပေါ်နိုင်ဖို့ခက်ကာ အနိုင်ရွေးရမယ်ဆိုရင်တော့ တွဲကစားဘက် ပိုပြည့်ဝတဲ့ ဂျာမနီကပဲ ကပ်နိုင်မယ်လို့ယူဆမိပါတယ်။ **[မင်းမင်း]**






# ကိုလံဘီယာကို ခက်ခဲစွာကျော်ဖြတ်ရမယ့် ဘရာဇီး

၂၀၁၄ ကမ္ဘာ့ဖလားရဲ့ ကွာတားအဆင့်ပွဲစဉ်တွေကို ဇူလိုင် ၄ ရက်ညမှာ စတင်ကျင်းပသွားဖို့ရှိပြီး အဲဒီည(ဇူလိုင် ၅ ရက် နံနက် ၂း၃၀)မှာ ဘရာဇီးနဲ့ ကိုလံဘီယာတို့ ဆုံတွေ့တဲ့ပွဲပါဝင်နေလို့ အကြိတ်အနယ်ရှိမယ့်သဘောကို ဆောင်နေတယ်။ အထူးသဖြင့် ဘရာဇီးနဲ့ ကိုလံဘီယာတို့ဟာ တောင်အမေရိက အခြေစိုက်အသင်းတွေဖြစ်နေတာကြောင့် အကြိတ်အနယ်ရှိမှာ သေချာနေသလို ဘရာဇီးအနေနဲ့ ကိုလံဘီယာနဲ့ဆုံတွေ့ခဲ့တဲ့ သမိုင်းတစ်လျှောက်မှာ အစဉ်အလာအရ အသာစီးရထားတာမှန်ပေမယ့်လည်း ဘရာဇီးဟာ ကိုလံဘီယာကို နောက်ဆုံးဆုံတွေ့မှု ငါးကြိမ်မှာ တစ်ပွဲမှအနိုင်မရခဲ့ဘူး။ ဒါကြောင့် ဘရာဇီးအနေနဲ့ ဒီတစ်ကြိမ်မှာ ကိုလံဘီယာနဲ့ ထပ်မံဆုံတွေ့ရာမှာ နိုင်ပွဲရအောင် ဆောင်ရွက်နိုင်ပါ့မလားဆိုတာ စိတ်ဝင်တစားစောင့်ကြည့်ချင်စရာ ဖြစ်နေတယ်။

အထူးသဖြင့် ဘရာဇီးမှာ အဓိကတိုက်စစ်မှူး နေမာပါဝင်နိုင်ဖို့ မသေချာဘူး။ နေမာဟာ ချီလီနဲ့ကစားခဲ့တဲ့ ၁၆ သင်း ရှုံး/ထွက်အဆင့်ပွဲစဉ်မှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ဒီပွဲမှာ တကယ်လို့ပါဝင်လာနိုင်မယ်ဆိုရင်တောင် ကြံ့ခိုင်မှုပြည့်ဝပါ့မလားဆိုတာ သံသယဖြစ်စရာအခြေအနေမှာရှိနေတယ်။ ဒါကြောင့် ဘရာဇီးတိုက်စစ်ဟာ ဂိုးရဖို့အတွက် ဒီပွဲစဉ်မှာ ဘယ်သူ့ကိုအားကိုးမလဲဆိုတာက အစ စောင့်ကြည့်ချင်စရာဖြစ်နေသလို ဘရာဇီးအနေနဲ့ ဒီကမ္ဘာ့ဖလားမှာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ပါ့မလားဆိုတာကအစ စိတ်ဝင်စားစရာ သိပ်ကောင်းနေတယ်။

တကယ်တော့ ဘရာဇီးဟာ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ရေပန်းအစားဆုံးအသင်း ဖြစ်နေပေမယ့် လက်တွေ့မှာတော့ အသင်းဟာ ထင်သလောက် မပြည့်စုံတဲ့ သဘောဆောင်နေတယ်။ အထူးသဖြင့် ဘရာဇီးရဲ့တိုက်စစ်ဇုန်က ကစားသမားတွေ အနက် နေမာတစ်ဦးတည်းသာ ဂိုးသွင်းခြေရှိပြီး ကျန်တိုက်စစ်မှူးတွေဖြစ်တဲ့ ဟတ်၊ ဖရက်ဒ်၊ ဂျိုတို့ဟာ အဆုံးသတ်ပိုင်း အားနည်းမှုတွေရှိနေတယ်။ ဒါကြောင့် ဘရာဇီးဟာ ပြိုင်ဘက်ခံစစ်ကို ထိုးဖောက်ရာမှာ ထိမိတဲ့ခြိမ်းခြောက်မှုတွေပြုလုပ်နိုင်ပေမယ့်လည်း တကယ့်အဆုံးသတ်ဂိုးသွင်းရမယ့် အချိန်မှာတော့ နေမာတစ်ဦးတည်းအပေါ်မှာသာ အားပြုနေရတယ်။ ချီလီနဲ့ကစားခဲ့တဲ့ပွဲမှာဆိုရင် နေမာဟာ ဒဏ်ရာရသွားတဲ့ကြားက ပွဲပြီးတဲ့အထိ ကစားပေးခဲ့ရသလို ဒဏ်ရာကြောင့် နေမာပုံမှန်ခြေမရတော့တဲ့အခါ ဘရာဇီးတိုက်စစ်ဟာ ဂိုးရဖို့အတွက်ပါ ရုန်းကန်ခဲ့ရကာ ပင်နယ်တီကျမှ အနိုင်ရခဲ့တဲ့အဖြစ်နဲ့ တိုးခဲ့ရတယ်။ ဒ့ါအပြင် မက္ကဆီကိုနဲ့ပွဲမှာဆိုရင်လည်း နေမာအနေနဲ့ ထိထိမိမိခြေစွမ်းမပြနိုင်တဲ့အခါ သရေတစ်မှတ်သာ ရရှိခဲ့တာတွေက သက်သေဖြစ်နေတယ်။ ဒါကြောင့်လည်း ဘရာဇီးအနေနဲ့ ကိုလံဘီယာကို လွယ်လွယ်နဲ့နိုင်ပွဲရအောင် ကစားနိုင်ပါ့မလားဆိုတာကိုပါ အားလုံးက စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြတယ်။

အထူးသဖြင့် ကိုလံဘီယာက အသင်းကောင်းတစ်သင်းဖြစ်တယ်။ ပြောရရင် ကိုလံဘီယာဟာ နာမည်ကြီးကစားသမားမပါဝင်ပေမယ့် အသင်းလိုက် ကစားပုံအားကောင်းမှုရှိတယ်။ အုပ်စုတွင်းမှာ ဂရိ၊ အိုင်ဗရီကို့စ်တို့ကို အနိုင်ယူခဲ့တာဟာ အကောင်းဆုံးအခြေအနေကို ပိုင်ဆိုင်ထားပြီလို့ ပြောဖို့ခက်ပေမယ့် ရှုံး/ထွက်အဆင့်မှာ ဥရုဂွေးလို အသင်းကောင်းတစ်သင်းကို ကျော်ဖြတ်ပြခဲ့တဲ့ ခြေစွမ်းကတော့ ထက်မြက်မှုအပြည့်ရှိတယ်။ အထူးသဖြင့် ကိုလံဘီယာမှာ လူငယ်တိုက်စစ်မှူးလေး ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ခြေစွမ်းပြသနေနိုင်တာကြောင့် တိုက်စစ်ပိုင်းက အဆုံးသတ်သေချာမှု အပြည့်ရှိတယ်။ ဒ့ါအပြင် ကိုလံဘီယာဟာ တစ်သင်းလုံးကြံ့ခိုင်မှုကောင်းသလို အမြန်နှုန်းမြင့်ကစားဟန်တွေနဲ့ ပြိုင်ဘက်ကို အကောင်းဆုံး ခြိမ်းခြောက်နိုင်စွမ်းရှိတယ်။ ပြီးတော့ ကိုလံဘီယာဟာ တန်ပြန်တိုက်စစ်ကိုလည်း အကောင်းဆုံးခြိမ်းခြောက်နိုင်တဲ့ တိုက်စစ်ဖြစ်အောင် လျှင်မြန်မှုနဲ့ ပေါင်းဖက်အသုံးချနိုင်စွမ်းရှိသလို မာတီနက်ဇ်၊ ဂူတီရက်ဇ်တို့လို အခြားတိုက်စစ်မှူးတွေ ကလည်း ထိုးဖောက်အားကောင်းမွန်မှုအပြည့်ရှိတယ်။ ဘရာဇီးရဲ့ခံစစ်ကြောင်းကလည်း ထင်မှတ်ထားသလောက် ကျစ်လျစ်မှုမရှိဘူး။ တောင်ပံခံစစ်မှူးတွေဖြစ်တဲ့ မာဆယ်လိုနဲ့ အဲဗက်စ်တို့ဟာ တိုက်စစ်ကို လိုက်ပါမှုလွန်ကဲတယ်။ ဒီအတွက်ကြောင့်ပဲ ဘရာဇီးဟာ ကင်မရွန်းနဲ့ ချီလီတို့ကိုတောင် တစ်ဂိုးစီပြန်ပေးခဲ့ရသလို တန်ပြန်တိုက်စစ်ကို အကောင်းဆုံးအသုံးချနိုင်တဲ့ ကိုလံဘီယာရဲ့ တိုက်စစ်ဇုန်ကိုလည်း ထိန်းဖို့ခက်မယ်။

ဒါပေမယ့် ဘရာဇီးဟာ တစ်ဦးချင်းစွမ်းဆောင်ရည်မှာ အားကောင်းသလို အိမ်ရှင်လည်းဖြစ်တယ်၊ အိမ်ခံပရိသတ် အားလည်းရှိနေတယ်။ ဒါကြောင့် ဒီပွဲမှာ ဘရာဇီးအနိုင်ရသွားနိုင်ခြေရှိပေမယ့် ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာနိုင်သလို ကပ်ပြီးသာ အနိုင်ရမယ်လို့ ယူဆမိတယ်။ ပွဲရဲ့ရလဒ်အပိုင်းအခြားကိုတော့ နှစ်ဂိုး-တစ်ဂိုးလို့ မြင်မိပါတယ်။

**[ရှိုင်းမင်းမင်း]**



## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
## ကုန်ကြမ်းစက္ကူ၊ မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူ၊ မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

**(1) စက္ကူ**
- **(a) Woodfree Paper(gsm)**
  - (1) 28¼"(Reel 70 gsm) — 1500MT
  - (2) 28¼"(Reel 80 gsm) — 30MT
  - (3) 30"(Reel 80 gsm) — 100MT
  - (4) 40"(Reel 70 gsm) — 200MT
  - (5) 31"x43"(70 gsm) (500Sht/Pkt) — 20Ream
  - (6) 31"x43"(80 gsm) (500 Sht/Pkt) — 300Ream
  - (7) 23½"x33"(A1) (70 gsm) (500 Sht/Pkt) — 40Ream
  - (8) 23½"x33"(A1) (80 gsm) (500Sht/Pkt) — 800Ream
  - (9) 23½"x33"(A1) (100 gsm) (500Sht/Pkt) — 40 Ream
- **(b) Art Card(gsm)**
  - (1) 31"x43"(250gsm) (500 Sht/Pkt) — 200Ream
  - (2) 31"x43"(260gsm) (500 Sht/Pkt) — 25Ream
  - (3) 31"x43"(200gsm) (500 Sht/Pkt) — 150Ream
  - (4) 31"x43"(210gsm) (500 Sht/Pkt) — 3000Ream
  - (5) 23½"x33"(A1) (210gsm) (500Sht/Pkt) — 70Ream
  - (6) 23½"x33"(A1) (250gsm) (500Sht/Pkt) — 50Ream
  - (7) 23½"x33"(A1) (200 gsm) (500 Sht/Pkt) — 20Ream
- **(c) Art Paper(gsm)**
  - (1) 31"x43"(85/90gsm) (500Sht/Pkt) — 20Ream
  - (2) 23½"x33"(A1) (105gsm) (500Sht/Pkt) — 20Ream
  - (3) 31"x43"(105gsm) (500 Sht/Pkt) — 20Ream
  - (4) 31"x43"(200gsm) (500 Sht/Pkt) — 15Ream
- **(d) Crome Coated**
  - (1) Crome Coated(270 gsm)A-1 (500 Sht/Pkt) — 10Ream
  - (2) Goat Skin A1(150gsm) (500 Sht/Pkt) — 15Ream
- **(e) MG Pressing Paper**
  - (1) MG Pressing Special(Bule) 25"x37"(210gsm) (500Sht/Pkt) — 2 Ream
  - (2) MG Pressing Special (Green) 25"x37"(140gsm) (500 Sht/Pkt) — 2 Ream
  - (3) MG Pressing Special (Red) 31"x43"(134gsm) (500 Sht/Pkt) — 2 Ream
  - (4) MG Pressing (Green)31"x43" (210gsm) (500 Sht/Pkt) — 150Ream
  - (5) MG Pressing (Orange) 31"x43" (205gsm) (500 Sht/Pkt) — 50Ream
  - (6) MG Pressing (Orange)31"x43" (210gsm) (500 Sht/Pkt) — 5Ream
  - (7) MG Pressing (Blue) 31"x43" (205gsm) (500 Sht/Pkt) — 20Ream
- (f) White Pulp Board A1(200gsm) (500 Sht/Pkt) — 25Ream
- (g) Colour Pulp Board 22"x29"(210gsm)(Pink) (500 Sht/Pkt) — 25Ream
- (h) Colour Pulp Board 31"x43"(200gsm)(Blue) (500 Sht/Pkt) — 5Ream
- (i) Colour Pulp Board 31"x43"(210gsm)(Yellow) (500 Sht/Pkt) — 5Ream
- (j) Colour Pulp Board 31"x43"(210gsm)(Green)(500 Sht/Pkt) — 5Ream
- (k) Surface Colour 20"x30" 28Lb(Green) — 1Ream
- (l) Surface Colour 20"x30" 28Lb(Yellow) — 1Ream
- (m) Surface Colour 20"x30" 28Lb(Blue) — 1Ream
- (n) Surface Colour 20"x30" 28Lb(Red) — 1Ream
- (o) Straw Board A1 2Lb — 10Ream

**(2) Ink**
- **(a) Web Offset Ink**
  - (1) Black(20Kg/Tin) — 6500Kg
  - (2) Yellow(20Kg/Tin) — 3500Kg
  - (3) Magenta(20Kg/Tin) — 2000Kg
  - (4) Cyan (20Kg/Tin) — 2900Kg
- **(b) Sheetfed Offset Ink**
  - (1) Black (1Kg/Tin) — 800Kg
  - (2) Yellow (1Kg/Tin) — 300Kg
  - (3) Magenta (1Kg/Tin) — 100Kg
  - (4) Cyan (1Kg/Tin) — 180Kg
  - (5) Green (1Kg/Tin) — 500Kg
  - (6) Gold (1Kg/Tin) — 2Kg

**(3) Film & Chemicals**
- (a) Orthro Film 22"x32"(50Sht/Pkt) — 10 Pkts
- (b) Fuji Film 22" — 30Rolls
- (c) Fuji Film 18" — 27 Rolls
- (d) Developer(5Lit/Bot) — 45Bots
- (e) Fixer (5Lit/Bot) — 30Bots
- (f) Fuji Film 18"x24"(50Sht/Pkt) — 7 Pkts
- **(g) Imagesetter Film & Chemicals**
  - (1) Developer (5Lit/Can) — 100Bots
  - (2) Fixer (5Lit/Bot) — 120Bots
  - (3) 18"(60m) Film KATANA — 25Rolls
  - (4) 22"(60m) Film KATANA — 97Rolls
  - (5) Imagesetter Film (460mmx 60m) — 25Rolls

**(4) Plate&Chemicals**
- **(a) Negative Plate**
  - (1) 915x 626x 0.3mm — 5600Sht
  - (2) 889x609x0.3mm — 3400Sht
  - (3) 745x605x0.3mm — 1100Sht
  - (4) 550x650x0.3mm — 1380Sht
  - (5) 508x 635x0.3mm — 340Sht
  - (6) 745x635x0.3mm — 400Sht
- (b) Negative Plate Developer (5Lit/Bot) — 200Bot
- **(c) Positive Plate**
  - (1) 740x615x0.3mm (50Sht/Pkt) — 130 Sht
  - (2) 635x745x0.3mm — 800Sht
  - (3) 1065x785x0.3mm (30Sht/Pkt) — 1800Sht
- (d) Positive Plate Developer (10Lit/Can) — 20 Can
- (e) Positive Plate Cleaner (1 Lit/Bot) — 100Bot
- **(f) Wipe On Developer & Others**
  - (1) Coating Solution (A+B) — 80 Sets
  - (2) Lacquer (5Lit/Bot) — 40 Bots
  - (3) Gum Solution (5Lit/Bot) — 175Bots
  - (4) Fountion Solution(5Lit/Bot) — 100Bots
  - (5) Plate Cleaner(1Lit/Bot) — 170Bots
  - (6) Gum Arabic(20Lit/Bot) — 35Bots
  - (7) Rubber Spong — 70Nos
  - (8) Opaque Red — 2Bots
  - (9) Image Remover(Positive) — 5Bots

**(5) Stiching Wire**
- (a) 20 Guage — 60Coils
- (b) 22Guage (2Kg) — 40Coils
- (c) 23Guage (2Kg) — 700Coils
- (d) 24 Guage(2Kg) — 500Coils
- (e) GI — 2 Coils

**(6) Binding Cloth**
- (a) Binding Cloth 1400mm(Red) — 70 Metres
- (b) Binding Cloth 1400mm(Blue) — 70 Metres
- (c) Binding Cloth 1400mm(Green) — 30Metres
- (d) Binding Cloth 1400mm(Black) — 20Metres

**(7) Materials**
- (a) CTP Plate(889x 609x 0.3mm)(KODAK) — 1400 Shts
- (b) CTP Plate(745x605x0.3mm)(KODAK) — 800 Shts
- (c) CTP Plate(745x635x0.3mm)(KODAK) — 600 Shts
- (d) CTP Developer — 450 Bots
- (e) Replenisher — 200 Lits
- (f) E.C Fountain Solution — 50 Lits
- (g) Manilar Paper(0.45mm) — 5 Rolls

**(8) Rubber Blanket(With T-Bar)**
- (a) 1063x 850x1.95mm — 30Shts
- (b) 910x 600x1.93mm — 60Shts
- (c) 889x 626x1.96mm — 50Shts
- (d) 665x650x1.95mm — 40Shts
- (e) 760x780x 1.95mm — 30Shts
- (f) 889x 626x1.68mm — 30Shts
- (g) 772x 627x1.95mm — 20Shts

**(9) Rubber Blanket(Without T-Bar)**
- (a) 1136x 770x1.96mm — 20Shts
- (b) 915x 636x 1.95mm — 50Shts
- (c) 995x 835x 1.96mm — 20Shts
- (d) 840x 865x 1.95mm — 20Shts
- (e) 785x 740x 1.96mm — 20Shts
- (f) 670x750x 1.95mm — 40Shts
- (g) 889x 626x 1.65mm — 20Shts
- (h) 780x 760x 1.95mm — 20Shts
- (i) Rubber Blanket Bar Clip (အထူ 5" × အရှည် 990mm) — 20Shts

**(10) Dampaning Roller House**
- (a) 180mm(30m) — 12 Coils
- (b) 220mm(25m) — 3Coils
- (c) 220mm(30m) — 5Coils
- (d) 230mm(25m) — 3Coils
- (e) 3.75(25m/Roll) — 2 Rolls
- (f) 3"(25m/Roll) — 2Rolls

(11) Duplex Board 32"x40"(Foreign) — 1500 Pkts(ပြည်တွင်း)

(12) ATM ကော် — 7000 Lbs (ပြည်တွင်း)

၂။ အိတ်ဖွင့်တင်ဒါများကို ၇-၇-၂၀၁၄ရက်မှ ၁၈-၇-၂၀၁၄ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊
ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊
ဖုန်း-၀၆၇-၄၁၂၃၂၇

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်



## အမြန်ငှားမည်

၅၁-လမ်း(အထက်)၊
ပေ(၂၀×၆၀)၊ မြေညီ (R.C,HALL)
နှစ်ချုပ် 5.5သိန်း
ဦးမျိုးကြည် ဖုန်း-01-578638,
09-73072163

## မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်တွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာ | (၂၂)မျိုး |
| ၂။ | ပရိဘောဂ(စာသင်ခုံအရှည်နှင့် ထိုင်ခုံအရှည်၊ အရာရှိစားပွဲနှင့် ကုလားထိုင်၊ ဖိုင်တင်စင်၊ ခွေးခြေခုံ၊ သံမဏိဗီရို) | (၁၁)မျိုး |
| ၃။ | ရေသိုလှောင်ကန်နှင့်ရေစင်တည်ဆောက်ခြင်း | (၁)ကန်၊ (၁)ခု |
| ၄။ | လျှပ်စစ်မီးလိုင်းများသွယ်တန်းတပ်ဆင်ခြင်း | ၂၈၀၀ ပေ |

၂။ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၃-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဌာနမှူး(စီမံ)ရုံးခန်းတွင်လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏Website ဖြစ်သော http://www.mlfrd.gov.mmတွင်လည်းကောင်း၊ Facebook Page ဖြစ်သော "မွေးရေ/ကျေးလက်"တွင်လည်းကောင်း ရယူနိုင်ပြီး ၃-၈-၂၀၁၄ ရက်ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဤရုံးသို့ပြန်လည်တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၆၅၂၅၊ ၄၁၆၅၃၀၊ ၄၁၆၆၅၈**

**အမည်မှန်**

မုံရွာ၊ အလက(၄)၊ အထက(ခွဲ)၊ ဆဋ္ဌမတန်း(က)မှ (ဘ)ဦးညီညီဝမ်း၏သား မောင်ထူးဝေလင်းအား မောင်လှဘုန်းဝေဟု ခေါ်ပါရန်။

**မောင်လှဘုန်းဝေ**

## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အမှတ်စဉ်(၁/၂၀၁၄)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)၊ မန္တလေးမြို့မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင်လမ်းပေါ်ရှိ ဒုဋ္ဌဝတီတံတား(ရဲရွာ-ကဗျူး)၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်ရှိ မိတ္ထီလာကန်ကူးတံတားနှင့် ကျောက်ဆည်-တံတားဦးလမ်းပေါ်ရှိ ကြောင်ပန်းကုန်းတံတားများအတွက် လိုအပ်သည့်သံချောင်းလုံး(ရှယ်စုံ)၊ ၁"/၄ - ၃"/၄ ခွဲကျောက်၊ မြစ်သဲ၊ သစ်အခြားသားနှင့် (.7m & 1.9m Stand Pipe)များကို မြန်မာကျပ်ငွေဖြင့် တံတားလုပ်ငန်းခွင်အရောက် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း |
| တင်ဒါပိတ်မည့်ရက်/အချိန် | - | ၁၄-၇-၂၀၁၄ရက်၊ မွန်းတည့် ၁၂ နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၁၄-၇-၂၀၁၄ရက်၊ မွန်းလွဲ ၁နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၄)၊ မန္တလေးမြို့။ |

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)၊ဒုတိယအင်ဂျင်နီ ယာမှူးကြီးရုံးတွင် ၁-၇-၂၀၁၄ရက်မှစ၍ လျှောက်လွှာပုံစံတစ်စောင်လျှင် ငွေကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ဖုန်းနံပါတ်-၀၂-၃၉၁၀၇ သို့ အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် (၃ဃ/၅၈၃၈)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၈၈/က)၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ ရန်ပြေ(၈)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြဒင်အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမြဒင် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူဒေါ်မြ[၁၂/သကတ(နိုင်)၀၈၃၉၈၀]က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်အမှတ်(၁၁၃)၊ ၆၉×၇၁လမ်းကြား၊ မနော်ဟရီ×စိန်ပန်းကြားရှိ ဦးသောင်းမြင့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ထွေးထွေးဝင်း[၁/မညန(နိုင်)၀၇၀၁၇၆] မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၈)၊ ဦးပိုင်အမှတ်(၄၃)၊ ၅၀×၅၁ကြား၊ ရတနာ×ကုသိုလ်တော်လမ်းကြားရှိ ဦးဇော်ဝင်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးစိန်ဝင်း[၉/ခမစ(နိုင်)၀၀၃၈၆၀] မှ မြေချထားမိန့်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

ဝမ်းနည်းစွာဖြင့်

၃၁-ဒုံအတွင်းကျော်လည်ကြံကျန်သော မနေမနား သတ္တဗေဒဆိုင်ရာ ချမ်းသာမှုကို အစဉ် လိုလားတောင့်တလျှက်ရှိခဲ့သော ဆရာတော်ကြီး၏ အကြောင်းတရားများစွာကို သိရှိတော်မူသော ထိုင်းနိုင်ငံ NARESUAN UNIVERSITY မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Doctor of Philosophy) ကိုဆက်ကပ်ခံယူတော်မူခြင်းအတွက်တရားဘား ရရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဝိပဿနာစခန်းရှိပိဋကတ်ကြီး၏ဝါစဉ် နာယက မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်နာယကနှင့် ကမ္ဘာ့နာစရိယ ပြည်တွင်း၊ ပြည်ပသာသနာပြုစမ္မတထိက အောင်စကြာဝရမဟာအမာဇဒေးရှင်းနှင့် အောင်စကြာဝရ မဟာဓေကျောင်း အထူးကုဆေးရုံကြီး၏ ဦးဆောင် နာယက

**[illegible]**

ဘဒ္ဒန္တဓမ္မဝိဟာရ (ဓမ္မာစရိယ)

ဆရာတော်ကြီးအား တပည့်များမှ အထူးဝမ်းမြောက်ချမ်းမြေ့ကြည်နူးစွာဖြင့် မေတ္တာ၊ မေတ္တာရဲ့ အလျှိုးများစွာကို သမ္ဗုဒ္ဓလက်ကိုင်ထားပြီး ဆောက်တည်ကိုးကွယ်၍ သတ်ရှည်ကျန်းမာစိတ်ချမ်းသာခြင်းများနှင့်အတူ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက် ကြည်ညိုသဒ္ဓါပွားမဂ္ဂါထား၍ ပူဇော်အပ်ပါသည်။

ဦးကျော်နိုင်+ဒေါ်ချမ်းဝင်း (ကမ္ဘာ့ကျော်ပေါ်တိတ်၊ မင်္ဂလာဈေး) ဦးအောင်ကြီး+ဒေါ်ကျော့စိန်ဝင်း (မိုးထွန်းအောင်အထည်ဆိုင်၊ မင်္ဂလာဈေး)
ဦးကျော်သိန်း+ဒေါ်ခင်မြင့်မေ (သုံးရောင်ခြယ်အထည်ဆိုင်၊မင်္ဂလာဈေး) ဦးကျော်နိုင်ထွေး+ဒေါ်အေးအေးမြင့် (PYAE PYAE General Trading)
အောင်စကြာမိုးကုတ်ဝိပဿနာစခန်းရှိပိဋက၊ ဘော်မတော်ဝင်များ ဦးမြင့်နှင့်သမီးများ(အထည်ဆိုင်)

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ကြီး မင်းသော်တာ(ငြိမ်း) (ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာနမှူး)-ဆရာမ ဒေါ်တင်ဌေးနု အထက က ခွဲ (၆)တို့၏ တစ်ဦးတည်းသောသားဖြစ်သည့် **မောင်သူရိန်မျိုးသော်**သည် ၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်ဆု (လူရည်ချွန်)နှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာစာ၊ ဓာတုဗေဒ၊ သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ (၅)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သောကြောင့် မိဘများနှင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့သားကောင်းရတနာတစ်ဦးဖြစ်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗိုလ်ကြီး လှတင်ဦး(ငြိမ်း) (တေဇ-၁၃)-ဒေါ်မေမြတ်နိုး**

# အသိပေးကြေညာချက်

KOREA နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် MV HANA THETIS သင်္ဘောသည် ၃-၇-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျှက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

-၂၃၀၁၁၈၆

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ဖုန်း-01-[illegible]၊ 09-[illegible]
[illegible]

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁။ | 1 (Q) Office Equipments/Local Purchase/ IRR/2014-2015 | Office Equipments (4) Items |
| ၂။ | 2(Q) Survey Equipments/Local Purchase/ IRR/2014-2015 | Survey Equipments (3) Items |

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါကို ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီတွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး
## ပုသိမ်မြို့
## ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ (၄)ခန်းတွဲ၊ (၂)ထပ်၊ RC ဝန်ထမ်းအိမ်ရာကို ရေသန့်နှင့် လျှပ်စစ်လုပ်ငန်း၊ မြေပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ အပါအဝင် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်လိုပါသည်။

| အဆောက်အအုံအမည် | အဆောက်အအုံအတိုင်းအတာ | တည်နေရာ |
|---|---|---|
| ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးဝန်ထမ်း အိမ်ရာ | အလျား ၁၀၂ပေ၊ အနံ ၂၅ပေ၊ အမြင့် ၁၉½ပေ၊ (၄)ခန်းတွဲ (၂)ထပ်၊ RC အဆောက်အအုံ(အတွင်းရေသန့်၊ အတွင်းလျှပ်စစ်လုပ်ငန်း၊ ပြင်ပရေရရှိရေး၊ ရေသန့်လုပ်ငန်း၊ ပြင်ပလျှပ်စစ်လုပ်ငန်း၊ မြေပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် အဆောက်အအုံပတ်လည်၊ ခြံစည်းရိုး ပတ်လည်ရေမြောင်းပါဝင်သည်) | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြက်တိုရပ်၊ ပုသိမ်ခရိုင်၊ ဥပဒေရုံးနှင့် ပုသိမ်မြို့နယ်ဥပဒေရုံးဝင်း။ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဗိသုကာပုံစံများကို တစ်စုံလျှင် ၂၀၀၀ဝိ/-(ကျပ်နှစ်သောင်းတိတိ)ကို မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ ပုသိမ်မြို့၌ ဖွင့်လှစ်ထားသည့် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ငွေစာရင်းအမှတ် MD-021818 သို့ ပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် ၁-၇-၂၀၁၄ရက်မှ ၃၁-၇-၂၀၁၄ရက်အထိ ရုံးဖွင့်ရက်များတွင် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ပုသိမ်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၄ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ မြေညီထပ်အစည်းအဝေးခန်းမရှိ တင်ဒါပုံးထဲသို့ ထည့်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တယ်လီဖုန်းအမှတ်-၀၄၂-၂၅၂၉၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

"နိုင်းနွန်နောင်" ကျုံ့ကြီးဓနအကြံ ဝယ်လိုသည်။ တောင်အုံ့အရှေ့အုံ့အင့်ဆိပ်ကမ်းရှိမြို့နယ်များ အတွင်းရှိ(၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၆၀၊ ၆၁၊ ၆၀၊ ၆၉၊ ၇၀၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၈၊ ၈၈၊ ၁၃၇၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၃၊ ၁၆၀) ရပ်ကွက်များအတွင်းရှိ မြေကွက်များအား ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။
(ပိုင်ရှင်ကိုယ်တိုင်ရုံးချိန်အတွင်းဆက်သွယ်ပါရန်။)

**Ph: 09 420166215, 09 73165656, 09 450062865, 09 73056651**

မြန်မြို့ဦးတစ်ချွှား မွေးဖော်များသည်
[illegible]

အန္တ ကျွက်နိုင် ကြောင်းကြော်ငြာ
[illegible]

## ဒို့ဓကျေးရွာဝတ္ထုတိုများစာအုပ်
## ထွက်ပြီ

မြန်မာ့ကြားနေစာနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော "ဒို့ကျေးရွာ ဝတ္ထုတိုများ" စာအုပ်ကို ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ဤစာအုပ်သည် ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကျင်းပပြုလုပ်ခဲ့သော ဒို့ကျေးရွာဂုဏ်ယူ ဝတ္ထုတိုပြိုင်ပွဲများမှ ဆုရစာမူများကို စုစည်းထား ကျေးလက်အလှ ကျေးလက်သဘာ ကျေးလက်သဘာဝများကို ထင်ဟပ်ဖော်ပြသော အားဖြင့် စီစဉ်ထုတ်ဝေခြင်းဖြစ်သည်။ တစ်အုပ်လျှင် (၁၅၀၀) ကျပ်နှုန်းဖြင့် စာပေဗိမာန် အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် မြန်မာ့ကြားနေနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## မိုးကုတ်ဝိပဿနာ (၇)ရက်တရားစခန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၂) ရပ်ကွက်၊ မေတ္တာချောင်းကူး မေတ္တာလမ်းတွင် တည်ရှိသော မိုးကုတ်ဝိပဿနာ တေဇိန္ဒဝိဟာရ ကျောင်းတိုက်ကြီးတွင် (ဆဌမ) အကြိမ်မြောက် မိုးကုတ်ဝိပဿနာ (၇)ရက် တရားစခန်းပွဲကြီးကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယျကို တိကျမှန်ကန်စွာ အဖွဲ့ချုပ်ကြီး၏ နာယက ကမ္မဋ္ဌာနာစရိယ ကမ္ဘာ့သာသနာပြုပဓာနနာယက (သွေးဆေးကန်) ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc,Phy) ကိုယ်တိုင် တရားပြ တရားဟောကြားမည်ဖြစ်ပါ၍ တရားဝင် တရားအားထုတ်လိုသော ယောဂီသူတော်စင်များ၊ အချိန်ပိုင်း တရားနာ တရားထိုင်လိုသော သူတော်စင်များ ကြွရောက်၍ တရားအလှူခံနိုင်ကြစေရန် နိဗ္ဗာန်အကျိုးမျှော်နှိုးဆော်လိုပါသည်။ ယောဂီများ ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။

**အစီအစဉ်**

ကျင်းပမည့်နေ့ - (၁၃၇၆ ခု ဝါဆိုလပြည့်ကျော် ၃ ရက်မှ ဝါဆိုလပြည့်ကျော် ၉ ထိ)
၁၄-၇-၂၀၁၄ ရက်မှ ၂၀-၇-၂၀၁၄ရက်ထိ

ယောဂီလာရန် - (၁၃၇၆ခု ဝါဆိုလပြည့်ကျော် ၂ ရက်) ၁၃-၇-၂၀၁၄ရက် ညနေ (၅) နာရီ
(သတ္တမအကြိမ်)
(၁၃၇၆ ခု ဝါခေါင်လပြည့်ကျော် ၃ရက်မှ ဝါခေါင်လပြည့်ကျော် ၉ရက်ထိ)
၁၃-၈-၂၀၁၄ရက်မှ ၁၉-၈-၂၀၁၄ ရက်ထိ
(အဋ္ဌမအကြိမ်)
(၁၃၇၆ ခု တော်သလင်းလဆန်း ၃ ရက်မှ လဆန်း ၉ ရက်ထိ)
၂၇-၈-၂၀၁၄ ရက်မှ ၂-၉-၂၀၁၄ရက်ထိ

ယောဂီများ မိမိအိပ်ရာအပြည့်အစုံ၊ ဆေးဝါး၊ မှတ်ပုံတင်အပြည့်အစုံ ပါရပါမည်။

"မှတ်ချက်" အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အချိုရည်များ လှူဒါန်းနိုင်ပါသည်။

၁။ အရုဏ်ဆွမ်းတစ်နပ် ၅၀၀၀၀ိ/-
၂။ နေ့ဆွမ်းတစ်နပ် ၁၅၀၀၀၀ိ/-
၃။ အချိုပွဲတစ်နပ် ၃၀၀၀၀ိ/-
၄။ အချိုရည်တစ်နပ် ၂၅၀၀၀ိ/-

ဆရာတော်ထံ တိုက်ရိုက်ဖြစ်စေ၊ အောက်ပါဖုန်းများဖြစ်စေ စာရင်းပေးလှူဒါန်းနိုင်ပါသည်။

**ဖုန်း-၀၉-၈၆၂၇၄၇၅၊ ၀၉-၂၅၀၂၈၁၂၃၆၊ ၀၁-၈၀၁၁၂၆၈၊ ၀၉-၄၂၀၀၀၈၂၂၊ ၀၉-၈၀၂၂၃၇၄**

### ခြံရောင်းမည်

ပေ(၄၀×၆၀) မြေနီကွင်းကျေးရွာ၊ ရန်ကုန်-နေပြည်တော်အမြန်လမ်းမဘေး မေးတင် ၁၈ မိုင် ၃ ဖာလုံ ၆၅ သိန်း

**ဖုန်း-၀၉-၄၂၈၁၉၄၈၈၂**

### ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာ၊ အထက(ခွဲ) ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင် မဖြိုးအိဆွေ၏ ဖခင်အမည်မှန်မှာ ဦးကံရွှေ(ခ) ဦးကံဆွေ [၆/ရဖန(နိုင်)၀၄၅၆၅၁] ဖြစ်ပါသည်။

**ဦးကံရွှေ(ခ)ဦးကံဆွေ**

### အမည်ပြောင်း

ဦးကျော်ဆန်း၏ သမီး မဇင်မွန်မွန်ကျော် [၁၂/သလန(နိုင်)၀၇၅၄၂၄]အား မဆုရွှေစင်ထွန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုရွှေစင်ထွန်း**
**[၁၂/သလန(နိုင်)၀၇၅၄၂၄]**

### အမည်ပြောင်း

မအူပင်မြို့၊ အထက (၁) တတိယတန်း (A)မှ ဦးကျော်ဝင်း-ဒေါ်ကျင်ရွှေတို့၏သမီး မသက်မြတ်နိုးဦးအား မဟေသာလင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဟေသာလင်းထက်**










# ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် (ပုဂ္ဂလိက)ကို ၁၁.၁.၂၀၁၄ ရက်နေ့တွင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်တထောင်ဘဏ်ခွဲ ၊ ဒဂုံဘဏ်ခွဲနှင့် နေပြည်တော်ဘဏ်ခွဲများဖွင့်လှစ်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနေပါကြောင်း၊ မန္တလေးဘဏ်ခွဲကို မကြာမီဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်းနှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်နေကြသည့် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ ဆောက်လုပ် ရေးလုပ်ငန်းရှင်ကြီးများ၊ အိမ်ရာထုတ်လုပ်သူများ၊ ဆောက်လုပ်ရေးပစ္စည်းထုတ်လုပ်ရောင်းချသူများ၊ ပညာရေးကျန်းမာရေးနှင့် စီးပွားရေးအဖွဲ့အစည်းများ၊ အိမ်ရာ ဝယ်ယူလိုသူများနှင့် ပြည်သူများအတွက်သည်ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေး ဘဏ်ခွဲများမှ ကမ္ဘောဇဘဏ် ၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာနိုင်ငံသားများဘဏ် ဘဏ်ခွဲများရှိသည့် ဒေသတိုင်း မြို့နယ်များသို့ ငွေလွှဲများကို လျင်မြန်လွယ်ကူ စိတ်ချစွာ အမြန်အလှည့်ပြန်နိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ကမ္ဘောဇဘဏ်လီမိတက်**

၁။ တောင်ကြီးဘဏ်ခွဲ (၂)
၂။ သံတွဲဘဏ်ခွဲ
၃။ မော်လမြိုင်ဘဏ်ခွဲ
၄။ နေပြည်တော်ဘဏ်ခွဲ ၂ (ပျဉ်းမနား)
၅။ မန္တလေးဘဏ်ခွဲ (၁၀) ဈေးချို
၆။ ကြို့ပင်ကောက်ဘဏ်ခွဲ
၇။ မန္တလေးဘဏ်ခွဲ (၁၄) ပြင်ဦးလွင်
၈။ ကလေးဝဘဏ်ခွဲ
၉။ မော်လမြိုင်ကျွန်းဘဏ်ခွဲ
၁၀။ ပုသိမ်ဘဏ်ခွဲ
၁၁။ သရက်ဘဏ်ခွဲ
၁၂။ မိတ္ထီလာဘဏ်ခွဲ (၂)
၁၃။ မန္တလေးဘဏ်ခွဲ (၁၂) မဟာမြိုင်
၁၄။ မင်းဘူးဘဏ်ခွဲ (၂)
၁၅။ မြိတ် (၂) (ရွှေတိဂုံ)
၁၆။ နေပြည်တော်ဘဏ်ခွဲ(၃)သပြေကုန်း
၁၇။ ထားဝယ် (၂) (ကလေးကြီး)
၁၈။ ကျောက်ဆည်ဘဏ်ခွဲ
၁၉။ မုဒုံ (၂) နန်းတော်ရပ်ဘဏ်ခွဲ
၂၀။ တောင်ငူ (၂) (မြို့မဘဏ်ခွဲ)
၂၁။ သရက်ကုန်း (၂) ရေနံချောင်း
၂၂။ အင်းစိန်(ဆင်ကြီးဘုရား)ဘဏ်ခွဲ
၂၃။ မြစ်ကြီးနားဘဏ်ခွဲ
၂၄။ ပြင်ဦးလွင်ဘဏ်ခွဲ(၂)
၂၅။ ကလေးဘဏ်ခွဲ
၂၆။ တောင်ကြီးဘဏ်ခွဲ
၂၇။ ပဲခူးဘဏ်ခွဲ (၂)
၂၈။ မန္တလေး (၁၃)ရွှေကုန်းဘဏ်ခွဲ
၂၉။ ပျော်ဘွယ်ဘဏ်ခွဲ (၂)
၃၀။ ဖားအံဘဏ်ခွဲ
၃၁။ မုံရွာဘဏ်ခွဲ (၂)
၃၂။ မုဒုံဘဏ်(ထရံဘဏ်ခွဲ)
၃၃။ နန်းဆန် (ရန်ကုန်/မဂလာ) ဘဏ်ခွဲ
၃၄။ မအူပင်ဘဏ်ခွဲ
၃၅။ အိမ်တော်ရာဘဏ်ခွဲ
၃၆။ လားရှိုးဘဏ်ခွဲ
၃၇။ မြင်းခြံဘဏ်ခွဲ
၃၈။ ရေနံချောင်းဘဏ်ခွဲ
၃၉။ ဟင်္သာတဘဏ်ခွဲ
၄၀။ ဝေါ်မြောင်းဘဏ်ခွဲ

ရန်ကုန်မြို့တွင်ရှိသည့်မြို့ပေါ်ဘဏ်ခွဲများ
၄၁။ ဆင်မလိုက်ဘဏ်ခွဲ (ကြည့်မြင်တိုင်)
၄၂။ သင်္ဃန်းကျွန်းဘဏ်ခွဲ
၄၃။ ထီးတန်းကုန်း(ဗဟန်းဘဏ်ခွဲ)
၄၄။ မန္တလေး (၁၄)ဘဏ်ခွဲ
၄၅။ ကြက်တောင်ဘဏ်ခွဲ
၄၆။ ရွှေဘိုဘဏ်ခွဲ
၄၇။ မန္တလေး (၁၆)ဘဏ်ခွဲ
၄၈။ မကွေးဘဏ်ခွဲ
၄၉။ မြဝတီဘဏ်ခွဲ ၂
၅၀။ ကော်သောင်းဘဏ်ခွဲ
၅၁။ ရွှေဘိုဘဏ်ခွဲ
၅၂။ လှိုင်သာယာစက်မှုဇုန်ဘဏ်ခွဲ
၅၃။ တိုက်ကြီးဘဏ်ခွဲ
၅၄။ ပျော်ဘွယ်ဘဏ်ခွဲ
၅၅။ သာစည်ဘဏ်ခွဲ
၅၆။ မိတ်ဆွေဘဏ်ခွဲ
၅၇။ ကျောက်ဆည်ဘဏ်ခွဲ
၅၈။ ကလေးဝဘဏ်(၄)ဘဏ်ခွဲ
၅၉။ မန္တလေး (၁၇) ဘဏ်ခွဲ
၆၀။ မိုးကောင်းဘဏ်ခွဲ
၆၁။ မြိုင်ဘဏ်ခွဲ
၆၂။ နတ်မောက်ဘဏ်ခွဲ
၆၃။ မိုးကုတ်ဘဏ်ခွဲ ၂
၆၄။ သာဇည်ဘဏ်ခွဲ
၆၅။ မင်းလှဘဏ်ခွဲ
၆၆။ ပျော်ဘွယ်တောင်ဘဏ်ခွဲ
၆၇။ ဆင်ဘဏ်ခွဲ
၆၈။ ပေါက်ကျွန်းဘဏ်ခွဲ
၆၉။ [illegible]
၇၀။ မြိတ်ဘဏ်ခွဲ ၂
၇၁။ ရွှေကျင်ဘဏ်ခွဲ ၂
၇၂။ မန္တလေး(၁၈)ဘဏ်ခွဲ
၇၃။ ဦးဗိုလ်ဘဏ်ခွဲ
၇၄။ မန္တလေး(၁၉)ဘဏ်ခွဲ
၇၅။ မန္တလေး(၂၀)ဘဏ်ခွဲ
၇၆။ ပေါက်တောရှုန်ကြီးကုန်းဘဏ်ခွဲ ၂
၇၇။ အိမ်မဲဘဏ်ခွဲ
၇၈။ ရေညွှန့်ဘဏ်ခွဲ
၇၉။ ကလေးဝဘဏ်ခွဲ

**အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်**

၁။ နေပြည်တော်
၂။ ကလေးကွက်
၃။ မန္တလေး
၄။ လှိုင်သာယာ
၅။ ပြင်ဦးလွင်
၆။ မြိတ်
၇။ မုံရွာ
၈။ မြစ်ကြီးနား
၉။ မြိတ်
၁၀။ မုံရွာ
၁၁။ ဘုရင့်နောင်
၁၂။ ရေညွှန့်စက်မှုဇုန်
၁၃။ တောင်ကြီး
၁၄။ တာချီလိတ်ဆောင်တိုက်
၁၅။ မော်လမြိုင်
၁၆။ ထားဝယ်မြို့
၁၇။ မုံရွာ
၁၈။ ဆောင်ကြီး
၁၉။ မြင်းခြံ
၂၀။ ရေကြည်ချောင်း
၂၁။ လားရှိုး
၂၂။ မကွေး
၂၃။ ပုသိမ်
၂၄။ ဦးခွန်မြင့်ဟင်္သာတ
၂၅။ မိတ္ထီလာ
၂၆။ တောင်ငူ
၂၇။ ပခုက္ကူ
၂၈။ မြိတ်
၂၉။ မိတ္ထီလာ
၃၀။ ဆန်းကျင်ဘဏ်ခွဲငယ်
၃၁။ ဆောက်လုပ်ရေးဘဏ်ခွဲငယ်
၃၂။ မန္တလေးဘဏ်ခွဲငယ်(၁)
၃၃။ ရွှေပြည်ကြီးဘဏ်ခွဲငယ်
၃၄။ ဟင်္သာ
၃၅။ မန္တလေး (၂)
၃၆။ မန္တလေးဘဏ်ခွဲငယ် (၃)
၃၇။ စီးပွားကြီးဘဏ်ခွဲငယ်

**မြန်မာနိုင်ငံသားများဘဏ်**

၁။ နေပြည်တော်
၂။ ကျောက်ဆည်
၃။ မန္တလေး
၄။ မုံရွာ
၅။ မြစ်ကြီး
၆။ မုဒုံ
၇။ တောင်ကြီးတံတား
၈။ ပဲခူး
၉။ တန့်ဆည်
၁၀။ မန္တလေးဘဏ်ခွဲငယ် (၁)
၁၁။ မုံရွာဘဏ်ခွဲငယ်
၁၂။ နေပြည်တော်ကော်မတီ ဘဏ်ခွဲငယ် (၂)
၁၃။ လားရှိုးဘဏ်ခွဲငယ်


ဧရာဝတီဘဏ်
AYA Bank
စိတ်ချယုံကြည်ဧရာဝတီ
AYA iBanking
မြန်မာနိုင်ငံ၏
ပထမဆုံးသော
အင်တာနက် ဘဏ်ဝန်ဆောင်မှုကို
ဧရာဝတီဘဏ် မှလုပ်ဆောင်ပေးနေပါသည်။
Contact us at : +959 250 206251
www.ayaibanking.com
www.facebook.com/aya.ibanking
WE SUPPORT
WORLD FINANCE
BANKING AWARDS
2013


C B BANK
Let's Win Win Together !
မင်္ဂလာတောင်ညွန့်(ဒေါ်သိန်းတင်လမ်း)ဘဏ်ခွဲ ဖွင့်လှစ်ခြင်း
ဘဏ်လုပ်ငန်း ကိစ္စအရပ်ရပ်နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို
( ၄-၇-၂၀၁၄ ) နေ့မှ စ၍ အမှတ်-(၂၈)၊ ဒေါ်သိန်းတင်လမ်း၊
ကန်တော်လေးမြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ တွင် ဆောင်ရွက်ပေးနေပြီ ဖြစ်ပါသည်။
Phone : (01) 384 903
Fax : (01) 384 185, 384 967, 384 965
Call Center : 1674
E-mail : contact@cbbankmm.com
Website : www.cbbank.com.mm
Facebook : https://www.facebook.com/CBBankmyanmar


Ensure Life
ပြည့်စုံမျှတ နေ့စဉ်အာဟာရ Ensure Life
COMPLETE AND BALANCED NUTRITION
Ensure Life မှာ အသားဓါတ်၊ ကစီဓါတ်နှင့် အဆီဓါတ် ဗီတာမင်၊ သတ္တုဓါတ်များ ပြည့်စုံမျှတစွာ ပါဝင်ပါတယ်။
Omega 3,6,9 တို့ အချိုးကျစွာ ပါဝင်သောကြောင့် နှလုံးနှင့် သွေးကြောကျန်းမာရေးကို အထောက်အကူဖြစ်စေပါသည်။
အရိုးများ သန်မာစေရန် Calcium, Vit D3 နှင့် Vit K တို့ ပါဝင်ပါတယ်။
FOS နှင့် Inulin တို့လို အမျှင်ဓာတ်များ ပါဝင်သောကြောင့် အစာချေဖျက်မှုကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။
I feel young and active. Thanks to good nutrition.
Careline 01-562200
Abbott Nutrition

# MYANMAR GOLF TOUR 2014

Presented by

MWD Bank

မြဝတီဘဏ်လီမိတက်

၁၉ – ၂၂၊ ဇွန်လ၊ ၂၀၁၄

ရွှေမန်းတောင်ဂေါက်ကလပ်၊ မန္တလေး။

**ကျေးဇူးတင်ရှိခြင်း**

မြန်မာပီဂျီအေနှင့်မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ပူးပေါင်းကျင်းပသည့် **MYANMAR GOLF TOUR 2014** တတိယပွဲစဉ်တွင် **Main Sponsor** အဖြစ်အဓိကကူညီပံ့ပိုးပေးပါသော **မြဝတီဘဏ်လီမိတက်** အားလည်းကောင်း၊ **Host Venue** အဖြစ်ကူညီပံ့ပိုးပေးပါသော ရွှေမန်းတောင်ဂေါက်ကလပ်အားလည်းကောင်း မြန်မာပီဂျီအေနှင့်မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မြဝတီဘဏ်လီမိတက် ၏ လုပ်ငန်းများ ယခုထက်ပို၍ ကြီးပွားတိုးတက်အောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

Presenting Sponsors

AYA Bank

UAB

AGD BANK

Innwa Bank Limited

HAN Event Management




# GOLDEN CITY ၏စံသတ်မှတ်ချက်(၂၁)ချက်ဖြင့်

# ကမ္ဘာ့အဆင့်မီနည်းပညာများဖြင့် မြန်မာပြည်အိမ်ခြံမြေလုပ်ငန်း၏ခေတ်သစ်ဆီသို့

[illegible] "ကမ္ဘာ့အဆင့်မီအိမ်ရာစံသတ်မှတ်ချက် ၂၁ချက်" [illegible]

GOLDEN CITY [illegible] "ကမ္ဘာ့အဆင့်မီအိမ်ရာစံသတ်မှတ်ချက် ၂၁ချက်" [illegible]



## မြန်မာနိုင်ငံအိမ်ခြံမြေနယ်ပယ်တွင် ပထမဆုံး "ကမ္ဘာ့အဆင့်မီအိမ်ရာစံသတ်မှတ်ချက် ၂၁ချက်"

GOLDEN CITY [illegible]

## အရည်အသွေး
## [illegible]

[illegible]



## အသုံးအဆောင်
## [illegible]

[illegible] GOLDEN CLUB [illegible]

## Landscape
## [illegible]



[illegible]

## မြေနေရာ
## [illegible]

[illegible]



## နည်းပညာသစ်များ
## [illegible]

[illegible]

## ဆောက်လုပ်မှု
## [illegible]

[illegible]



## အခန်းပုံစံ
## [illegible]

[illegible]

## ဝန်ဆောင်မှု
## နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှု

[illegible] Property Management Company [illegible]




## လုံခြုံမှု
## [illegible]

[illegible]

GOLDEN CITY [illegible]

[illegible] Land Real Estate Development Company Limited [illegible]